# မြန်မာ့အလင်း

**The Mirror**

၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့၊ (8-3-2007) (၅၂၅၅)


# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေး

ရန်ကုန်  မတ်  ၇

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ညနေပိုင်းတွင် ၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသသည့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျောက်စိမ်းအရိုင်းတွဲများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ညနေ ၄ နာရီတွင် မြန်မာကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယကများဖြစ်ကြသော သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပြပွဲဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများကကြိုဆိုကြပြီး မြန်မာကွန်ဗင်းရှင်းစင်တာ မေခ ခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ယခင်ကျောက်မျက်ရတနာများ ရောင်းချရမှုအခြေအနေ၊ ယခု (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပကုန်သည်များ ရောက်ရှိမှုနှင့် တက်ရောက်မည့်အခြေအနေ၊ ပြပွဲတွင်ရောင်းချမည့် ကျောက်မျက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မြန်မာကွန်ဗင်းရှင်းစင်တာ ပထမထပ်နှင့် ဝင်းအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအရိုင်းတွဲများ ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်စွက်မှာကြားပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

## ကြည့်ရှုစစ်ဆေး

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသထားသော ကျောက်စိမ်းအရိုင်းတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



## ဆောင်းပါးအညွှန်း

▶ ***"အမျိုးသားရေး၊ အမျိုးသားနိုင်ငံရေးဆိုတာ မြန်မာတစ်မျိုးသားလုံး နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့စဉ်က နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့တဲ့ တစ်မျိုးသားလုံးအရေး၊ တစ်မျိုးသားလုံးအကျိုးဖြစ်တယ်။ ဒီခံယူချက်နဲ့ လွတ်လပ်ရေး ကြိုးပမ်းခဲ့တာဖြစ်ပါတယ်။ လွတ်လပ်ရေးရလာတဲ့အခါလည်း ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒဂိုဏ်းဂဏစွဲ၊ လူမျိုးစွဲကင်းစွာ တစ်မျိုးသားလုံး အကျိုးစီးပွားကို ဆောင်ရွက်တာဟာ အမျိုးသားနိုင်ငံရေး၊ အမျိုးသားရေးဖြစ်ပါတယ်"***

လှသိန်းဋ္ဌေး၏ **"ဒီမိုကရေစီရေး၊ အမျိုးသားရေး အရေခြုံထားသော ပြည်ပသြဇာခံ ပုဆိန်ရိုးများအား သတိထား"** (ဆောင်းပါး) စာမျက်နှာ–၆၊ ၇

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၈-၃-၂၀၀၇
(ကြာသပတေးနေ့)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မဒေးရေလှောင်တမံသစ် ဖွင့်လှစ် သီးထပ်သီးညှပ်သီးနှံများ တိုးတက်စိုက်ပျိုး

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် တစ်မျိုးသားလုံး၏ စီးပွားရေးတွင် အချိုးအစားကြီးမားစွာပါဝင်လျက်ရှိပြီး ကျေးလက်ဒေသပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် အဓိကဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။

နိုင်ငံတော်က လယ်ယာစိုက်ပျိုးရေးတွင် အဓိက လိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများနှင့် မြေအောက်ရေ ရရှိရေးလုပ်ငန်းများကို ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတစ်ဝန်း၌ ရေလှောင်တမံစီမံကိန်း ၁၉၆ ခုကို စဉ်ဆက်မပြတ် တည်ဆောက်ပေးလျက်ရှိရာ ရေသွင်းစိုက်ဧက ခုနစ်သန်းကျော်အကျိုးပြုလျက်ရှိပြီး သီးနှံများ ရေသွင်းစိုက်ပျိုးနိုင်သည့် စိုက်ဧကသည်လည်း စိုက်ပျိုးမြေ၏ ၁၈ ရာခိုင်နှုန်းအထိ တိုးတက်ဖြစ်ပေါ်လာခဲ့ပြီဖြစ်သည်။

မကွေးတိုင်း ကံမမြို့နယ်တွင် တည်ဆောက်ပြီးစီးသွားသော မဒေးရေလှောင်တမံကို ဖေဖော်ဝါရီလ ၂၅ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ရေလှောင်တမံဖွင့်လှစ်နိုင်သဖြင့် ကံမမြို့နယ်အတွင်းရှိ စိုက်ပျိုးမြေဧက ၄၀၀၀ ကို စိုက်ပျိုးရေ ပေးဝေနိုင်တော့မည်ဖြစ်သည်။

ကံမမြို့နယ်တွင် ယခင်က မိုးစပါးနှင့် ပဲတီစိမ်းကို အဓိကစိုက်ပျိုးကြပြီး စိုက်ပျိုးရေ အခက်အခဲကြောင့် ဒုတိယ သီးနှံစပါးဧကအနည်းငယ်သာ စိုက်ပျိုးနိုင်သည်။ ယခုအခါ မဒေးရေလှောင်တမံမှ ရေပေးဝေမှုဖြင့် ဧက ၄၀၀၀၌ မိုးစပါး၊ မိုးနှမ်းနှင့် ပဲတီစိမ်းကို ပထမတစ်သီးစိုက်ပျိုးပြီး နွေစပါးနှင့် ပဲမျိုးစုံကို ဒုတိယတစ်သီးအဖြစ် စိုက်ပျိုးနိုင်မည် ဖြစ်သည်။ ထို့အပြင် တတိယသီးနှံ နွေစပါးကို ဧက ၇၀၀ ထပ်မံစိုက်ပျိုးနိုင်မည်ဖြစ်ရာ သီးနှံစိုက်ဧက ရှစ်ထောင်ကျော် ရရှိလာမည်ဖြစ်သည်။

ယခုအခါ မကွေးတိုင်းရှိ မဒေးရေလှောင်တမံအပါအဝင် ဆည်တမံအများအပြားကို နိုင်ငံတစ်ဝန်း၌ တိုးချဲ့တည်ဆောက်လျက်ရှိရာ ဒေသစိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုသည့်အပြင် သီးထပ်သီးညှပ်သီးနှံများ တိုးတက်စိုက်ပျိုးလာခြင်းဖြင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီဖြစ်ပါသည်။ ။

# ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် သုံးစွဲမှုအခြေအနေ ညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် မှာကြား

ရန်ကုန် မတ် ၇

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မတ် ၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသော ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှု အခြေအနေများ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။





အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်မောင်စိုး၊ အင်ဂျင်နီယာချုပ်နှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဓာတ်အားပေးစက်ရုံမှူးများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့-အဖွဲ့ဝင် ဦးထွန်းအေး၊ အင်ဂျင်နီယာချုပ် ဦးအောင်ခိုင်နှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုးတို့က ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် မိမိတို့အဖွဲ့ စတင်တာဝန်ယူသည့် အချိန်မှစ၍ ဆောင်ရွက်ပြီးစီးခဲ့သည့် အခြေအနေများ၊ အိမ်သုံးမီတာများ စီမံချက်ချတပ်ဆင်ဆောင်ရွက်နေမှု အခြေအနေများ၊ တရားမဝင် သုံးစွဲနေမှုများ ဖော်ထုတ်ဆောင်ရွက်မှု အခြေအနေများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ အဆင့်အတန်းမြင့်မားအောင် ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက ရန်ကုန်မြို့တော်ကို လျှပ်စစ်ဓာတ်အား အပြည့်အဝ ဖြန့်ဖြူးပေးနိုင်ရေးအတွက် တာဝန်ရှိသူများ စည်းလုံးညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်စေလိုကြောင်း၊ မိမိတို့၏ တာဝန်ဝတ္တရားများကို လုပ်ချင်ကိုင်ချင်စိတ် အပြည့်ဖြင့် အလေးအနက်ထား ဆောင်ရွက်စေလိုကြောင်း၊ ပြည်သူနှင့်ထိတွေ့ဆက်ဆံရာတွင် ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံပြီး အလုပ်ဖြင့် သက်သေပြကာ ပြည်သူကို အလုပ်အကျွေးပြုသော၊ ပြည်သူချစ်သော လျှပ်စစ်ဝန်ထမ်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း ပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### အမှာစကားပြောကြား

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှု အခြေအနေများ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

# ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၇**

ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အုန်းမြင့်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက ၂၀၀၇ ခုနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းပါဝင် ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ အစည်းအဝေးအပြီးတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် ဧည့်ပရိသတ်များသည် ခန်းမအတွင်း၌ ပြသထားသည့် ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ သဒ္ဓမ္မဇောတိကဓဇဘွဲ့တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာ လူငယ်ဖွံ့ဖြိုးရေးပရဟိတ သာသနာ့ဗေယျာကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တကဥ္စနအရှင်မြတ်အား ဂုဏဝိသိဋ္ဌဂုဏ်ပြုပူဇော်ပွဲနှင့် အလှူငွေပေးအပ်ပွဲကို ဗဟန်းမြို့နယ် လိပ်ပြာကန်ကျောင်း မနောမယစာသင်တိုက်၌ မတ် ၃ ရက်က ကျင်းပရာ ရန်ကုန်မြို့ရောက် ဘီတွတ်ကျေးရွာသူ၊ ကျေးရွာသားများ ပူဇော်ကြစဉ်။

(က-ပ)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)



# ပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမများ မိမိတို့တူးဖော်ထုတ်လုပ်သည့် ကျောက်မျက်၊ ကျောက်စိမ်းများကို နိုင်ငံတော်ကကြီးမှူးကျင်းပသည့် ရတနာပြပွဲများတွင် တင်ပြရောင်းချရေးကို အလေးထားလိုက်နာဆောင်ရွက် ကျောက်မျက်ရတနာသည် ကုန်ခန်းနိုင်သည့်သယံဇာတဖြစ်ခြင်းကြောင့် ရေရှည်အကျိုးရှိအောင် စည်းကမ်းတကျထုတ်လုပ်

ရန်ကုန် မတ် ၇

**မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးနှင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။**

## တက်ရောက်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပြပွဲဗဟိုကော်မတီနာယက ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များ၊ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

## အကျိုးဖြစ်ထွန်း

ရှေးဦးစွာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အမှာစကားပြောကြားရာတွင် မြန်မာ့ကျောက်မျက်ရတနာများသည် အရည်အသွေးကောင်းမွန်ပြီး နိုင်ငံတကာသို့တိုင် ကျော်ကြားကာ လူကြိုက်များလျက်ရှိကြောင်း၊ ကျောက်မျက်ရတနာ ထုတ်လုပ်ရောင်းချရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဝယ်လိုအား ကောင်းမွန်လာပြီး နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အတွက်ပါ အကျိုးဖြစ်ထွန်းစေလျက် ရှိကြောင်း၊ ကျောက်မျက်ရတနာများအနက် မြန်မာ့ကျောက်မျက်ရတနာသည် လူကြိုက်များပြီး အရောင်းသွက်သည့် ရတနာတစ်မျိုးဖြစ်ကြောင်း၊ ထို့ကြောင့် ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ထုတ်လုပ်သည့် ပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများအနေဖြင့် မိမိတို့တူးဖော်ထုတ်လုပ်ရရှိသည့် ကျောက်မျက်၊ ကျောက်စိမ်းများကို နိုင်ငံတော်က ကြီးမှူးကျင်းပသည့် ရတနာပြပွဲများတွင် တင်ပြရောင်းချရေးကိုလည်း အလေး ထား လိုက်နာဆောင်ရွက်သွားကြရန် လိုကြောင်း။





မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## ရေရှည်အကျိုးရှိ

**ကျောက်မျက် ရတနာများသည် ထုတ်လုပ်သုံးစွဲမှုအပေါ် မူတည်၍ ကုန်ခန်းနိုင်သည့် သဘာဝ သယံဇာတများဖြစ်ကြောင်း၊ ထို့ကြောင့် ရေရှည်အကျိုးရှိအောင် နိုင်ငံတော်အကျိုးနှင့် မိမိတို့အကျိုးအတွက် မျှတစွာ စည်းကမ်းတကျ တူးဖော်ထုတ်လုပ်သွားကြရန်လည်း လိုအပ်ကြောင်း။**

**ကျောက်မျက်ရတနာများကို အရိုင်းတုံးအလိုက် ကုန်ကြမ်းအဖြစ် ရောင်းချခြင်းထက် တန်ဖိုးမြှင့်ကုန်ချောပစ္စည်းများ ထုတ်လုပ်ရောင်းချပါက ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်၍ နည်းပညာများ ရရှိရန်နှင့် ဈေးကွက်ရှာဖွေရေးအတွက်လည်း လုပ်ငန်းရှင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။**

နိုင်ငံတော်က ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ် ရောင်းဝယ်ရေးလုပ်ငန်းများကို အဘက်ဘက်က ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်နှင့် အညီ လုပ်ငန်းရှင်များ အနေဖြင့်လည်း ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများကို နိုင်ငံတော်က ချမှတ်ထားသည့် ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားကြရန်နှင့် ပြည်တွင်း၌ ကျောက်မျက်ရတနာဈေးကွက် ခိုင်ခိုင်မာမာဖြစ်ထွန်းရေး၊ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါဟု အကျယ်တဝင့် ပြောကြားသွားသည်။

## ရှင်းလင်းပြောကြား

ဆက်လက်၍ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များ၊ ခွင့်ပြုမိန့်ရရှိသည့် လုပ်ကွက်များအတွက် အဆိုပြုငွေ ပေးသွင်းမှုများ၊ ရတနာခွန်ပေးဆောင်မှုများ၊ ရတနာပြပွဲ တင်ပြရောင်းချမှုများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးများ၊ သဘာဝအန္တရာယ်နှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးများ၊ အကျိုးတူ တူးဖော်ခွင့်နှင့် ဖော်ထုတ်လုပ်ကွက်(အသစ်)များ လျှောက်ထားသည့် ကိစ္စများ စသည်တို့ကို မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ၊ နည်းဥပဒေများနှင့် အညီ ဆောင်ရွက်လုပ်ကိုင်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်က နိဂုံးချုပ် အမှာစကားပြောကြားသည်။

## ရွေးချယ်

ယင်းနောက် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်းဖွဲ့စည်းရန် ပဏာမဖွဲ့စည်းထားသော နာယက အဖွဲ့ဝင်များနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များအား အဆိုပါ တွေ့ဆုံဆွေးနွေးပွဲက အများသဘောတူ ရွေးချယ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဧးကုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၇

ဧးကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ်၂၅ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ် ကြားတောရလမ်းရှိ ကုန်သွယ်/လယ်ယာ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်၍ အသင်းသားအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အသက်(၈၀)နှစ်နှင့် အထက် အသင်းဝင် သက်ကြီး အဘိုးအဘွားများ၊ အသင်းဝင်တို့၏ သားသမီးများဖြစ်ကြသော ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရှင်များ၊ အတန်းလိုက် ပညာရည်ချွန်(ပထမ)နှင့် ဘာသာရပ်ထူးချွန်(ပထမ)ရရှိသူများ၏ အမည်စာရင်းကို အမှတ်စာရင်း အထောက်အထားများနှင့်အတူ မတ် ၁၄ရက် နောက်ဆုံးထား၍ ဦးသန်းအောင် ဖုန်း-၀၉-၅၁-၁၂၅၃၃၊ ၂၄၇၆၆၅၊ ဦးကျော်ဝင်း ဖုန်း-၂၀၂၉၉၁၊ ၂၀၀၀၂၉၊ ဦးထွန်းအောင် ဖုန်း-၅၀၁၅၃၆၊ ဦးအေးလှိုင် ဖုန်း-၅၂၇၀၄၀၊ ဦးညွှန့်စိန် ဖုန်း-၅၈၄၇၁၅၊ ဦးခင်ရွှေ ဖုန်း-၃၇၁၂၀၁တို့သို့ဆက်သွယ်ပေးပို့ကြရန် နှိုးဆော်ထားသည်။ (က-ပ)

# ဘရူနိုင်းဘုရင့်ဖလား လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်အသင်း အကြိုဗိုလ်လုပွဲသို့တက်ပြီ

ရန်ကုန် မတ် ၇

၂၀၀၇ ခုနှစ် တတိယအကြိမ် ဘရူနိုင်းဘုရင့်ဖလား အသက်(၂၁)နှစ်အောက် လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ( Hassanal Bolkiah Trophy for U-21 ASEAN Youth Football Championship 2007)ကို ဆက်လက်ကျင်းပရာတွင် (ခ)အုပ်စုမှ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းက အိမ်ရှင် ဘရူနိုင်းနိုင်ငံလူငယ်လက်ရွေးစင်ဘောလုံးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်းတွင် စည်သူသန်းနှင့် ပြည့်ဖြိုးဦးတို့က တစ်ဂိုးစီသွင်းယူကြပြီး ပထမပိုင်းအပြီးတွင် မြန်မာလူငယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဒုတိယပိုင်း ပြန်လည်ကစားကြရာတွင် မြန်မာလူငယ်အသင်းအတွက် ကျော်ဋ္ဌေးဦးက တတိယဂိုးကို သွင်းယူပြီး ဘရူနိုင်းလူငယ်အသင်းမှ ချေပဂိုးတစ်ဂိုးသွင်းယူ၍ ပြိုင်ပွဲအပြီးတွင် မြန်မာလူငယ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းသည် (ခ)အုပ်စုတွင် သုံးပွဲကစား၊ သုံးပွဲစလုံးနိုင်၊ ကိုးမှတ်ဖြင့် အုပ်စုပထမနေရာဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

မတ် ၁၀ ရက် ဒေသစံတော်ချိန် ည ၁၀ နာရီတွင် (ခ)အုပ်စု ပထမ မြန်မာလူငယ်အသင်းနှင့် (က)အုပ်စု ဒုတိယရရှိသောအသင်းတို့သည် ဒုတိယအကြိုဗိုလ်လုပွဲ အဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဆီးနှင့်ကျောက်ကပ် အထူးဆေးကုပညာအဖွဲ့ ဆေးပညာဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မတ် ၇

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆီးနှင့်ကျောက်ကပ် အထူးဆေးကုပညာအဖွဲ့ကကြီးမှူး၍ ကမ္ဘာ့ကျောက်ကပ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဆေးပညာဟောပြောပွဲကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း၌ မတ် ၁၀ရက် နံနက် ၉နာရီမှ ၁၂နာရီအထိ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

## ၈-၃-၂၀၀၇ (ကြာသပတေးနေ့)

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ဆုံးမစကားကိုလေးစားပါ တရားတော် (ဓမ္မဒူတ ဒေါက်တာ အရှင်ပညိသာရဆရာတော်) |
| ၇း၅၀ | ICT CARAVAN (2007) (ကျိုက်ထိုခရီးစဉ်) |
| ၈း၀၅ | တေးဂီတအစီအစဉ် |
| ၈း၁၀ | ပြည်တွင်းအနုပညာရေးရာ |
| ၈း၄၀ | တေးဂီတအစီအစဉ် |
| ၈း၄၅ | ပွင့်သောပန်းတိုင်းမွှေးစေချင် |
| ၈း၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၀၅ | Yangon Panorama လမင်းလေးတေးစီးရီး |
| ၉း၁၅ | တေးဂီတအစီအစဉ် |
| ၉း၂၀ | အနာဂတ်ပန်းများပွင့်လန်းဝေဆာ မြင်သာမြို့ဦး ပရဟိတဂေဟာ(အပိုင်း-၂) |
| ၉း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၄၀ | အမျိုးသမီးရုပ်သေးကြိုးဆွဲ ပညာရှင်နှင့် တွေ့ဆုံခြင်း |
| ၁၀း၁၀ | တေးဂီတအစီအစဉ် |
| ၁၀း၁၅ | သွားမယ် စားမယ် (House of Memories) |
| ၁၀း၄၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၄၅ | နည်းစနစ်မှန်မှန် ကော်ဖီစိုက်ပျိုးရန် |
| ၁၁း၀၅ | တေးဂီတအစီအစဉ် |
| ၁၁း၁၀ | အောင်မြင်ပျော်ရွှင် ဇနီးမောင်နှံဘဝတွင် (ဦးမြင့်အောင်-မစိုးမိုးကြည်တို့နှင့်တွေ့ဆုံခြင်း) |
| ၁၁း၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၄၅ | ပိန်ခြင်း ဝခြင်းပြဿနာနှင့် အပျိုစင်တို့ရဲ့အသားအရေ လှပခြင်း |
| ၁၁း၅၅ | တေးဂီတအစီအစဉ် |
| ၁၂း၀၀ | စာပေပညာရှင်များနှင့် တွေ့ဆုံခြင်း (ဒေါ်စောမုံညင်း) |
| ၁၂း၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၂၀ | ယနေ့သိပ္ပံနှင့် နည်းပညာ |
| ၁၂း၃၅ | တေးဂီတအစီအစဉ် |
| ၁၂း၄၀ | ပျိုမေတို့လှစေဖို့(အပိုင်း-၁) |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။



ပါကစ္စတန်နိုင်ငံ ကရာချိမြို့အနီး၌ ဖောက်လုပ်လျက်ရှိသည့် လိုင်ယာရီ အဝေးပြေးလမ်းမ လုပ်ငန်းခွင် တစ်နေရာကို မတ် ၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# နှစ်ပေါင်း ၂၀၀ အတွင်း အပူနွေးဆုံးဆောင်းဥတု အီတလီတွေ့ကြုံရကြောင်း သိပ္ပံပညာရှင်များ ပြောကြား

ရောမ မတ် ၆

**အီတလီနိုင်ငံ၏ ယခုနှစ် ဆောင်းဥတုသည် နှစ်ပေါင်း ၂၀၀ ကာလအတွင်း အပူနွေးဆုံး ဖြစ်ကြောင်း အမျိုးသား သုတေသနကောင်စီ(စီအင်န်အာ) သိပ္ပံပညာရှင်များက အင်္ဂါနေ့တွင် ပြောကြားသည်။**

ယခုနှစ် ဆောင်းဥတု၏ ပျမ်းမျှ အပူချိန်သည် ၁၉၉၀ပြည့်နှစ် ဆောင်းဥတုအပူချိန်ထက်ဆဲလ်စီးယပ်စ် ၁ ဒသမ ၇၉ ဒီဂရီ ပိုမိုများနေကြောင်း စီအင်န်အာ လက်အောက်ရှိ ကမ္ဘာ့လေထုသိပ္ပံလေ့လာရေးဌာနက ပြောကြားသည်။ ၁၉၉၀ ပြည့်နှစ် ဆောင်းဥတုသည် အပူနွေးဆုံး ဆောင်းဥတုအဖြစ် စံချိန်တင်ခဲ့သည်။

**အချိန်စောရင့်မှည့်**

ရာသီဥတု ပြောင်းလဲလာခြင်း၏ အကျိုးဆက်တစ်ရပ်အဖြစ် ဟင်းသီးဟင်းရွက်များ သီးပွင့်ပုံ ပြောင်းလဲလာကြောင်း၊ ဖာဘာဘင်န် (ခေါ်) ပဲတောင့်ပင်တစ်မျိုးမှာ နွေဦးပေါက်ရာသီကုန်ဆုံးချိန်အထိ ရင့်မှည့်လေ့မရှိခဲ့သော်လည်း ယခုနှစ်တွင် အချိန်စောကာ ရင့်မှည့်လာကြောင်း၊ ပဲတောင့်၊ ပဲပိုးတီ၊ ခရမ်းချဉ်သီးနှင့် ဆလတ်ရွက် စသည့် ဟင်းသီးဟင်းရွက်များ စောစီးစွာ သီးပွင့်လာခဲ့ပြီး ရောမမြို့ရှိ ဈေးများတွင် လှိုင်လှိုင်ရောင်းချလျက်ရှိကြောင်း စိုက်ပျိုးသူများ အဖွဲ့က ပြောကြားသည်။

**ပိုမိုပူနွေးလာ**

ယခုနှစ် ဆောင်းဥတု ထူးထူးခြားခြား ပိုမို ပူနွေးလာခြင်းမှာ အတ္တလန္တိတ်သမုဒ္ဒရာဘက်မှ တိုက်ခတ်သည့် လေစီးကြောင်းများ၏ လမ်းကြောင်း ပြောင်းလဲလာခြင်းကြောင့်ဖြစ်ကြောင်း၊ အကျိုးဆက်အဖြစ် ဆိုက်ဘေးရီးယားနှင့် စကင်ဒီနေးဗီးယားဒေသများဘက်မှ အေးမြသည့် မြောက်ဝင်ရိုးစွန်း လေစီးကြောင်းများ ဝင်ရောက်မှု မရှိသည့်အတွက် ပိုမိုပူနွေးလာရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ရုရှား အရှေ့ဖျားဒေသ၌ နှင်းကျမှုစံချိန်တင်

**မော်စကို မတ် ၆**

ရုရှားနိုင်ငံ၏ အရှေ့ဖျားပိုင်းတွင် နှင်းမုန်တိုင်းကျရောက်မှုကြောင့် ကျောင်းများနှင့် လေဆိပ်များပိတ်ထားလိုက်ရကြောင်းနှင့် အချို့မြို့များတွင် ဓာတ်အားပြတ်တောက်မှုဖြစ်ခဲ့ကြောင်း သတင်းဌာနများက မတ် ၅ ရက်တွင် ဖော်ပြသည်။ နှင်းမုန်တိုင်း ကျရောက်မှုကြောင့် ပရီမော်စကီးဒေသတွင် အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာထားရသည်။ ဗလာဒီဗော့စတော့မြို့၌ မတ် ၅ ရက် ညပိုင်းတွင် ကျရောက်သော နှင်းထုအထူသည် ၅၄ မီလီမီတာ ရှိပြီး ယင်းမြို့၏ လစဉ်ကျရောက်မြဲ နှင်းထု၏ နှစ်ဆမျှရှိကြောင်း အင်တာဖက်စ်သတင်းဌာနက ဖော်ပြသည်။

နှင်းမုန်တိုင်းကျရောက်မှုကြောင့် ဒေသဆိုင်ရာ လေဆိပ်ကို ပိတ်ထားပြီး ကူးတို့ယာဉ်လုပ်ငန်းကို ရပ်ဆိုင်းထားသော်လည်း အဝေးပြေးလမ်းမကြီးများကို ဆက်လက်ဖွင့်လှစ်ထားသည်။ အချို့မြို့များတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားခဲ့ပြီး ဆေးရုံများ၊ မီးသတ်ဌာနများနှင့် စားသောက်ကုန်လှောင်ရုံများကဲ့သို့ အရေးကြီးသောနေရာများရှိ ဆီးနှင်းခဲများကို အရေးပေါ်အလုပ်သမားအဖွဲ့က ဦးစားပေးရှင်းလင်းလျက်ရှိသည်။ ဗလာဒီဗော့စတော့မြို့တွင် နှစ်ပေါင်း ၁၃၀ အတွင်း ယခုနှစ်သည် နှင်းကျဆင်းမှုအဆိုးရွားဆုံးဖြစ်ကြောင်း ယင်းမြို့အုပ်ချုပ်ရေးဌာန လက်ထောက်အုပ်ချုပ်ရေးမှူး အာလီဇီကာဇာကော့ဗ်က ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အမေရိကန်၏မူဝါဒ ဆီးရီးယား ဝေဖန်ပြောကြား

**ဒမတ်စကတ် မတ် ၆**

အရှေ့အလယ်ပိုင်း ဒေသဆိုင်ရာ အမေရိကန်အစိုးရ၏ မူဝါဒသည် ပြဿနာများကိုသာလျှင် ဖြစ်စေကြောင်း ပြည်ပရောက်နိုင်ငံသားများရေးရာ ဆီးရီးယားဝန်ကြီး ဆူသာနာ ရှာဘန်က တနင်္ဂနွေနေ့တွင် ဝေဖန်ပြောကြားလိုက်ကြောင်း ဆာနာသတင်းဌာနက ဖော်ပြသည်။

အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန်၏မူဝါဒသည် ကမောက်ကမ ဖြစ်စေရန် လှုံ့ဆော်ပေးပြီး အစ္စရေးအလိုကျ ဆောင်ရွက်ပေးသည့် မူဝါဒဖြစ်သည်ဟု အမေရိကန်မှ စီးပွားရေးနှင့် အတတ် ပညာရှင်ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံရာတွင် ရှာဘန်က ပြောကြားခြင်းဖြစ်သည်။

အာရပ်နှင့် အမေရိကန်ပြည်သူ လူထုသည် ယင်းမူဝါဒအတွက် ပေးဆပ်နေရသည်ဟု ၎င်းက ပြောကြားသည်။

အရှေ့အလယ်ပိုင်း ဒေသတစ်ဝန်းတွင် လုံခြုံရေးနှင့် တည်ငြိမ်မှုရရှိရေးအတွက် ဆီးရီးယားက အကောင်းဆုံးကြိုးပမ်းနေကာ နိုင်ငံတကာ ဆုံးဖြတ်ချက်များနှင့်အညီ တရားမျှတပြီး ပြည့်စုံညီညွတ်သည့် ငြိမ်းချမ်းရေးဖြစ်ထွန်းစေရန် လုံးပန်းလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

# ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲ၊ ရဲကွန်မန်ဒို သေဆုံး

**ဘဂ္ဂဒက် မတ် ၅**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် မေ ၃ရက်ကသီးခြားဗုံးပေါက်ကွဲမှုနှစ်နေရာဖြစ်ပွားရာ ရဲကွန်မန်ဒိုတစ်ဦးသေဆုံးပြီး ရဲတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘဂ္ဂဒက်မြို့ အနောက်တောင်ပိုင်းအနီး ဆိုင်ဒီယန်ဒေသ၌ ရဲကွန်မန်ဒိုတစ်ဦး ကင်းစောင့်ကြပ်ရာအနီး၌ လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ကင်းလှည့်ယာဉ် ပျက်စီးသွားပြီး ယာဉ်ပေါ်တွင် ပါလာသော တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အခြား ဗုံးပေါက်ကွဲမှုမှာ ဘဂ္ဂဒက်မြို့အရှေ့ပိုင်း ဇိုင်ယိုနာချ်ဒေသတွင် ရဲတပ်ဖွဲ့ ကင်းလှည့်ယာဉ် ဖြတ်သန်းမောင်းနှင်သွားရာအနီး၌ လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အဆိုပါရဲတပ်ဖွဲ့ယာဉ်မီးလောင်သွားပြီး လိုက်ပါလာသော ရဲတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိသွားကြောင်း သတင်းတွင် ဖော်ပြထားသည်။

***အမ်အင်အေ၊ဆင်ဟွာ***

## ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ



ဂရိနိုင်ငံ ကရိနီးယားကန်ကြီးတွင် မိုးခေါင်မှု၊ စိုက်ပျိုးရေးအတွက် ရေအများအပြားသွယ်ယူမှုနှင့် စက်မှုလုပ်ငန်းများမှ အညစ်အကြေးများ စွန့်ပစ်မှုတို့ကြောင့် ရေခန်းခြောက်လာလျက်ရှိသည်ကို မတ် ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# သစ်အခြေခံထုတ်ကုန် ပြည်ပတင်ပို့မှု ဗီယက်နမ်တိုးမြှင့်

**ဟနွိုင်း မတ် ၆**

ဗီယက်နမ်နိုင်ငံသည် သစ်အခြေခံထုတ်ကုန်ပစ္စည်းများ တင်ပို့ရောင်းချခြင်းမှ ယခုနှစ် ပထမနှစ်လတွင် စုစုပေါင်းအမေရိကန်ဒေါ်လာ ၄၀၄ သန်း ရရှိကြောင်း ယမန်နှစ်အလားတူကာလကထက် ၄၂ ဒသမ၁ရာခိုင်နှုန်း ပိုမိုများပြားလာကြောင်း ဗီယက်နမ်သစ်တောနှင့် သစ်အခြေခံ ထုတ်ကုန်ပစ္စည်း ထုတ်လုပ်သူများအသင်းက မတ် ၂ ရက်တွင် ပြောကြားသည်။

**လက်ကားဈေးကွက်**

ဗီယက်နမ်နိုင်ငံအတွင်းရှိ သစ်ထုတ်လုပ်ရေးနှင့် တင်ပို့လုပ်ငန်းတို့ လုပ်ကိုင်သည့် သက်ဆိုင်ရာကုမ္ပဏီများသည် နိုင်ငံတောင်ပိုင်း၊ အလယ်ပိုင်းနှင့်မြောက်ပိုင်းဒေသတို့တွင် လက်ကားဈေးကွက်များ တည်ထောင်ရမည်ဖြစ်ကြောင်းနှင့် သစ်အချောထည်များ ပြောင်းလဲထုတ်လုပ်နိုင်ရန် အခြားသော ကုမ္ပဏီများနှင့်လည်း ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

# ပြင်သစ်လူထု မဂ္ဂဇင်းဖတ်မှုစံချိန်တင်

**ပါရီ မတ် ၆**

ပြင်သစ်ပြည်သူ ၉၇ ရာခိုင်နှုန်းက လစဉ်ထုတ်မဂ္ဂဇင်း တစ်စောင်ထက်မနည်းကိုဖတ်ရှုကြပြီး ၅၈ ဒသမ ၉ ရာနှုန်းကမူ နေ့စဉ်မဂ္ဂဇင်း ဖတ်ရှုကြရာ ယင်းစံနှုန်းသည် ကမ္ဘာ့စံချိန်ပင်ဖြစ်ကြောင်း ပြင်သစ်သုတေသနအဖွဲ့က တနင်္လာနေ့တွင် ထုတ်ပြန်သည့် လေ့လာချက်စစ်တမ်းအရ သိရှိရသည်။

ပျမ်းမျှအားဖြင့် ပြင်သစ်လူထုသည် မဂ္ဂဇင်းစုံ ၆ဒသမ ၈အုပ်ဖတ်ရှုပြီး ဝင်ငွေကောင်းသူ ပြင်သစ်လူထုက မဂ္ဂဇင်းရှစ်အုပ်နှင့် ၈ဒသမ ၅အုပ် စသည်ဖြင့် အသီးသီး ဖတ်ရှုကြသည်ဟု စစ်တမ်းတွင် ဖော်ပြထားသည်။

အမျိုးသမီးများသည် ပျမ်းမျှအားဖြင့် မဂ္ဂဇင်း ၇ဒသမ ၄ အုပ်နှုန်းဖတ်ရှုပြီး အမျိုးသားများက ၆ဒသမ ၅ အုပ်နှုန်း ဖတ်ရှုရာ အမျိုးသမီးများက စာဖတ်အား ပိုမိုကောင်းလျက်ရှိသည်။

အမျိုးသမီး စာဖတ်သူများသည် အမျိုးသမီးသတင်း၊ အုပ်ထိန်းမှုဆိုင်ရာ၊ အိမ်အလှပြင်ရေးဆိုင်ရာ မဂ္ဂဇင်းများဖတ်ရှုကြပြီး အမျိုးသားများက အားကစား၊ မော်တော်ယာဉ်မဂ္ဂဇင်းနှင့် အမျိုးသားရေးရာ သတင်းများကို ဖတ်ရှုကြသည်ဟု ဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



မြောက်ပစိဖိတ်ပင်လယ်ပြင် ရေအနက် မီတာ ၁၀၀၀ကျော်၌ နယူးဇီလန်သင်္ဘောက ဖမ်းမိသည့် ကြီးမားသည့် ရေဘဝဲကြီးတစ်ကောင်ကို မတ် ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



အမေရိကန်နိုင်ငံ အာလာဘားမားပြည်နယ်တွင် လေဆင်နှာမောင်း တိုက်ခတ်ပြီးနောက် အပျက်အစီးများကို မတ် ၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## အမေရိကန်တပ်ဖွဲ့ဝင်များ အရပ်သား ၁၀ဦးကို ပစ်သတ်ခဲ့မှု အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်း ပြစ်တင် ဝေဖန်

**ကဘူး မတ် ၆**

အမေရိကန်တပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်တန်း အတိုက်ခိုက်ခံရပြီးနောက် ၎င်းတပ်ဖွဲ့ဝင်များက အရပ်သား ၁၀ ဦးကို ပစ်သတ်ခဲ့မှုအပေါ် အာဖဂန်သမ္မတဟာမစ်ကာဇိုင်းက တနင်္လာနေ့တွင် ပြစ်တင်ဝေဖန်ပြောကြားလိုက်သည်။

အာဖဂန်အရှေ့ပိုင်းဒေသရှိ ဂျလာလာဘတ်မြို့ပြင် လူနေထူထပ်သည့်ဒေသတွင် တာလီဘန်နှင့် စစ်သွေးကြွများ ပူးပေါင်း၍ ချောင်းမြောင်းတိုက်ခိုက်ခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့သည်ဟု အမေရိကန်စစ်ဖက်က ပြောကြားသည်။ ၎င်းတပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့မှုနှင့် အသေခံတိုက်ခိုက်မှုကြောင့် အရပ်သား ၁၆ ဦး သေဆုံးခဲ့သည်ဟု စစ်ဘက်က ဆက်လက်ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့၏ မော်တော်ယာဉ်တန်း အပစ်ခတ်ခံရသည့်သတင်းကို ပြည်နယ်နှင့်ဗဟိုအစိုးရတို့ မှ တာဝန်ရှိပုဂ္ဂိုလ်တို့က အတည်ပြုခြင်းမရှိပေ။ နေတိုးနှင့်အမေရိကန်တပ်ဖွဲ့ဝင်များက အရပ်သားများကို သတ်ဖြတ်နေမှုကြောင့် အာဖဂန်ပြည်သူများက ပြည်ပတပ်ဖွဲ့ဝင်များကို ထောက်ခံမှုမရှိကြဟု လေ့လာသူများက ပြောကြားသည်။

ဖော်ပြပါအတိုင်း အမေရိကန်တပ်ဖွဲ့ဝင်များ သတ်ဖြတ်မှုကြောင့် အရပ်သား ၁၀ ဦးသေဆုံးပြီး ၂၅ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ပြည်နယ်အစိုးရဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက တနင်္လာနေ့တွင် ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

## အလုပ်သမားရေးရာသံမှူးများ မလေးရှား ထားရှိမည်

**ကွာလာလမ်ပူ မတ် ၆**

မလေးရှားနိုင်ငံသည် ပြည်ပရှိ၎င်း၏ သံရုံးများတွင် အလုပ်သမားရေးရာသံမှူးများမကြာမီထားရှိမည်ဖြစ်ကြောင်း၊ ရွှေ့ပြောင်းလုပ်သားများကိုပြန်ပို့နေမှုအပေါ်ကိုင်တွယ်ဖြေရှင်းနိုင်ရန် ဖြစ်ကြောင်း လူ့အရင်းအမြစ်ဝန်ကြီးဌာနမှ ဝန်ကြီး ဖွန်ချမ်းအွန်က တနင်္လာနေ့တွင် ပြောကြားသည်။

၎င်းသံမှူးများကိုလူ့အရင်းအမြစ်ဝန်ကြီးဌာနလက်အောက်ရှိ အလုပ်သမားဌာနအောက်မှ ခေါ်ယူမည်ဖြစ်ပြီး အင်ဒိုနီးရှားနှင့် နီပေါကဲ့သို့သော ပြည်ပမှအလုပ်သမားများကို အဓိကဖြည့်ဆည်းပေးနေသည့် နိုင်ငံများတွင် ခန့်ထားမည်ဖြစ်သည်ဟု ၎င်းပြောကြားသည်။

၎င်းအလုပ်သမားအရာရှိများကို မကြာမီခန့်ထားပြီး အခြားနိုင်ငံများသို့ စေလွှတ်သွားမည်ဟု စတားသတင်းစာက ၎င်းဝန်ကြီးကို ကိုးကား၍ ဖော်ပြသည်။

အလုပ်သမားအရာရှိများ၏ တာဝန်သည် မလေးရှားနိုင်ငံအတွင်း အလုပ်လုပ်ကိုင်နေသော အလားအလာကောင်းသည့် ပြည်ပမှ အလုပ်သမားများ၏ လုပ်ငန်း အခြေအနေများနှင့်ပတ်သက်၍ အကြံဉာဏ်ပေးမည်ဖြစ်သည်ဟု ချမ်းအွန်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## ဘိန်းဖြူသယ်ဆောင်သည့်ဩစတြေးလျနိုင်ငံသား ဗီယက်နမ်၌ အဖမ်းခံရ

**ဟနွိုင်း မတ် ၆**

ဗီယက်နမ်နိုင်ငံရဲတပ်ဖွဲ့သည် မူးယစ်ဆေးဝါးသယ်ဆောင်မှုဖြင့် ဩစတြေးလျ အမျိုးသားတစ်ဦးအား ဖမ်းဆီးလိုက်ကြောင်း သတင်းမီဒီယာများက တနင်္လာနေ့တွင် ဖော်ပြသည်။

အဆိုပါ ဩစတြေးလျနိုင်ငံသားမှာ အသက်(၄၀)ရှိပြီး ၎င်းအား စနေနေ့တွင် ဖမ်းဆီးလိုက်ကြောင်း၊ ၎င်းသည် ဘိန်းဖြူ ၁ဒသမ ၁ကီလိုဂရမ်ကို အတွင်းခံဘောင်းဘီထဲတွင်ဝှက်၍ သယ်ဆောင်လာပြီး ဟိုချီမင်းစီးတီးမှ ဆစ်ဒနီမြို့သို့ ထွက်ခွာမည့် လေယာဉ်ပေါ်သို့အတက်တွင် အဖမ်းခံရခြင်းဖြစ်ကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကားလျက် သန်နီယင် သတင်းစာက ဖော်ပြသည်။ ဗီယက်နမ်နိုင်ငံ၌ ဘိန်းဖြူဂရမ် ၆၀၀ နှင့် အထက် တရားမဝင်ရောင်းဝယ်လျှင် သေဒဏ် သို့မဟုတ် ထောင်ဒဏ်တစ်သက် ချမှတ်နိုင်သည်။

***အမ်အင်အေ၊ရိုက်တာ။***




## အင်ဒိုနီးရှားလေယာဉ်ပျက်ကျ၊ ၄၉ ဦး သေဆုံး

**ဂျော့ဂျကာတာ(အင်ဒိုနီးရှား) မတ် ၇**

အင်ဒိုနီးရှားနိုင်ငံမှခရီးသည်တင်ဂျက်လေယာဉ်တစ်စင်းသည် ဂျော့ဂျကာတာဒေသရှိလေယာဉ်ကွင်းသို့ ဆင်းသက်ရာတွင် လေယာဉ်ပြေးလမ်းမှ ကျော်လွန်သွားပြီး မီးလောင်ပေါက်ကွဲခဲ့သဖြင့်လူ၄၉ဦးထက်မနည်းသေဆုံးခဲ့ပြီး ခရီးသည်အများအပြားမှာ ဘေးမသီရန်မခ လွတ်မြောက်ခဲ့သည်။

အသက်ဘေးမှ လွတ်မြောက်လာသည့် ခရီးသည်များသည် လေယာဉ်၏ အရေးပေါ် ထွက်ပေါက်မှ မြေပြင်ပေါ်သို့ခုန်ချခဲ့ကြသည်။ လေယာဉ်သည် မီးလောင်ကျွမ်းပြီး ပျက်စီးသွားသည်။

အခင်းဖြစ်ပွားရာနေရာတွင်လူ၄၈ဦး၏ အလောင်းများ တွေ့ရှိကြောင်း၊ ခရီးသည်တစ်ဦးသည်ဆတ်ဂျီတိုဆေးရုံတွင် သေဆုံးသည်ဟု ဒေသခံတစ်ဦးဖြစ်သူဆူဆန်တိုကရိုက်တာ သတင်းဌာနသို့ ပြောကြားသည်။

ခရီးသည် ၁၃၃ဦးနှင့် လေယာဉ်ဝန်ထမ်း ခုနစ်ဦးတို့ကို တင်ဆောင်လာသည့် ဘိုးအင်း ၇၃၇ လေယာဉ်သည် ဂျကာတာမှ ထွက်ခွာလာခဲ့ပြီးနောက် နံနက် ၇နာရီတွင် ပျက်ကျခဲ့သည်ဟု ဂရူဒါလေကြောင်း ဌာန၏ ပြောရေးဆိုခွင့်ရှိသူ ပူဂျိဘရိုတိုက ပြောကြားသည်။

***အမ်အင် အေ၊ရိုက်တာ***



**အင်ဒိုနီးရှားနိုင်ငံ ဂါရူဒါ လေကြောင်း မီးလောင်နေသည့် လေယာဉ်ကို ဝိုင်းဝန်း ငြိမ်းသတ်နေကြစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## ဗီဇာလျှောက်ထားရန် လာရောက်သူများ ဆဲလ်ဖုန်းယူလာခွင့်မပြု

**မနီလာ မတ် ၆**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ အမေရိကန်သံရုံးသို့ ဗီဇာလာရောက် လျှောက်ထားသူများသည် သံရုံးဝင်းအတွင်းသို့ ဆဲလ်ဖုန်းနှင့် အခြားအီလက်ထရွန်နစ်ပစ္စည်းများကို ယူဆောင်ခွင့်မပြုကြောင်း အမေရိကန်သံရုံးက ထုတ်ပြန်ကြေညာထားသည်။

ဗီဇာလျှောက်ထားသူများသည် ဆဲလ်ဖုန်း၊ လက်တော့ပ်ကွန်ပျူတာ၊ MP3 နှင့်အခြားသော ဒီဂျစ်တယ်ပစ္စည်းများကို သံရုံးအတွင်းသို့ သယ်ဆောင်လာခြင်းမပြုရန် ထုတ်ပြန်ထားချက်သည် မတ် ၁ ရက်မှစ၍ အာဏာသက်ဝင်လာကြောင်း အမေရိကန်သံရုံး ဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ကြက်ငှက်တုပ်ကွေးဖြစ်သူအား တာမီဖလူးဆေးဖြင့်အသက်ကယ်နိုင်

**ကိုင်ရို မတ် ၆**

ကြက်ငှက်တုပ်ကွေးရောဂါဖြစ်စေသည့် ဗိုင်းရပ်စ်ပိုးလွန်ခဲ့သည့် ရက်အနည်းငယ်ခန့်က ကူးစက်ခံခဲ့ရသည့် လေးနှစ်အရွယ် အီဂျစ်မိန်းကလေးငယ်တစ်ဦးသည် တာမီဖလူးဆေးဝါးဖြင့် ကုသမှုခံယူခဲ့ပြီးနောက် တနင်္လာနေ့တွင် ပြန်လည်ကောင်းမွန်လာကြောင်း ကျန်းမာရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

၎င်းမိန်းကလေးငယ်သည် ဆာရာဘိုဟန်ဖြစ်ပြီး ကိုင်ရိုမြို့တော်မှ ကီလိုမီတာ ၉၀ အကွာရှိ ဒါကာဟီယာမြို့မှ ဖြစ်သည်။ ၎င်းသည် တာမီဖလူးဆေးဖြင့် ကုသမှုခံယူခဲ့ပြီးသည့်နောက် ရောဂါသက်သာလာခြင်း ဖြစ်သည်ဟု မီနာ သတင်းဌာနက ဒေသန္တရဆေးရုံမှ ညွှန်ကြားရေးမှူးရာဂတ်ကို ကိုးကား၍ ဖော်ပြသည်။

**ထိတွေ့**

၎င်းသည်အိမ်မွေးတိရစ္ဆာန်နှင့် ထိတွေ့ခဲ့ရာမှ ကြက်ငှက် တုပ်ကွေး ဗိုင်းရပ်စ်ပိုး ကူးစက်ခံရပြီး ဖျားနာခဲ့သည်။ ၎င်းကို မန်ဆူရာချက်ဆေးရုံသို့ ဖေဖော်ဝါရီ ၂၆ ရက်က တင်ပို့ ကုသခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**ကူးစက်ပြန့်ပွား**

အီဂျစ်နိုင်ငံတွင် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်က ကြက်ငှက်တုပ်ကွေးရောဂါဖြစ်စေသည့် $H_5N_1$ ဗိုင်းရပ်စ်ပိုး ကူးစက်ခံရမှု ပထမဆုံးအကြိမ် စမ်းသပ်တွေ့ရှိခဲ့ပြီးသည့်နောက် အဆိုပါ မိန်းကလေးသည် ၂၃ ဦးမြောက် ရောဂါဖြစ်ပွားခဲ့သူဖြစ်သည်။ ယင်းရောဂါသည် အီဂျစ်နိုင်ငံ၏ ဒေသ ၂၀ သို့ ကူးစက်ပြန့်ပွားခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## အင်တာနက်ဂိမ်း အလွန်အကျွံကစားသူ သေဆုံး

**ပေကျင်း မတ် ၆**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် အသက် ၂၆ နှစ်အရွယ်ရှိ အဝလွန်သူအမျိုးသားတစ်ဦးသည် အင်တာနက်ဂိမ်းကို အလွန်အကျွံကစားသည့်အတွက် တရုတ်နှစ်သစ်ကူးကာလတွင် ဆုံးပါးသွားကြောင်း ချိုင်းနားဒေးလီးသတင်းစာက ဖော်ပြသည်။

၎င်းသည် အားလပ်ရက် ခုနစ်ရက်စလုံး အင်တာနက်ဂိမ်းကစားခြင်းဖြင့် အချိန်ကုန်ခဲ့ကြောင်း၊ ကိုယ်အလေးချိန်မှာ ကီလို ၁၅၀(ပေါင်၃၃၀ )ရှိကြောင်း ၎င်း၏ မိဘများပြောကြားချက်ကို ကိုးကား၍ ချိုင်းနားဒေးလီးသတင်းစာက ပြောကြားသည်။

တရုတ်နိုင်ငံတွင် မကြာသေးမီနှစ်များက ဆယ်ကျော်သက်နှင့် လူငယ်များ အင်တာနက်ဂိမ်းကို အလွန်အကျွံ သုံးစွဲသူများလာသည့်အတွက် အစိုးရက သတိပေးချက်ထုတ်ပြန်ခဲ့ပြီး ဆိုက်ဘာကဖေးဆိုင်များတွင် ဂိမ်းကစားချိန်ကို ကန့်သတ်ခဲ့သည်။ ***အမ်အင်အေ၊ ရိုက်တာ။***



**အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဂါးဘေးမဲ့တောအတွင်းမှ ရှားပါး အာရှခြင်္သေ့နှစ်ကောင်ကို မတ် ၅ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ဒီမိုကရေစီရေး၊ အမျိုးသားရေး အရေခြုံထားသော ပြည်ပသြဇာခံပုဆိန်ရိုးများအား သတိထား

**လှသိန်းဌေး**

စာရေးသူ ဟာသတစ်ခုကို အခုလိုဖတ်ခဲ့ဖူးတယ်။ ဆေးခန်းတစ်ခုမှာ ဖြစ်တယ်။ ဆရာဝန်က လူနာကိုမေးတယ်။ အရက်သောက်သလား၊ မသောက်ပါဘူး။ ဆေးလိပ်ကောသောက်သလား၊ ဟင့်အင်း။ ဖဲကစားသလား၊ ဝါသနာမပါဘူး။ မိန်းမလိုက်စားသလား၊ ဝေးဝေးကရှောင်ပါတယ်တဲ့။ အဲဒီအခါမှာ ဆရာဝန်က "ဒါဆို ခင်ဗျားဆီမှာ ဘာအကျင့်ဆိုးမှ မရှိဘူးပေါ့" လို့ မေးပြော ပြောလိုက်တယ်။ ဒီတော့မှ လူနာက "တစ်ခုတော့ရှိပါတယ်"တဲ့။ "ဘာလဲ"လို့ မေးလိုက်တော့ " လိမ်တတ်တဲ့အကျင့်ပါ"တဲ့။

အခုလည်း အနောက်သြဇာခံ သတင်းဌာနတွေ ဘာအကျင့်ဆိုးမျှ မရှိပါဘူး။ လိမ်တတ်တဲ့အကျင့် တစ်ခုသာရှိတယ်လို့ ဆိုရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ပြည်တွင်းပြည်ပ အနောက်သြဇာခံတွေ၊ လက်ပါးစေတွေ ပြောသမျှဆိုသမျှကို လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးလို့ လိမ်ညာထုတ်လွှင့်ပြီး တိုင်းချစ်ပြည်ချစ် မြန်မာအမျိုးသား အင်အားစုမှန်သမျှရဲ့ ပြောသမျှဆိုသမျှ လုပ်ကိုင်ဆောင်ရွက်သမျှကို စစ်အစိုးရသြဇာခံတွေ၊ ငွေပေးလို့ လုပ်တာတွေလို့ လိမ်ညာထုတ်လွှင့်နေလို့ပဲ ဖြစ်ပါတယ်။

ဒီကနေ့ ကမ္ဘာမှာ အနောက်အုပ်စုအပေါင်းပါတွေက ထူထောင်ပေးထားတဲ့ သြဇာခံသတင်းဌာနတွေ ရှိနေပါတယ်။ ဒီသတင်းဌာနတွေဟာ အနောက်အုပ်စုအလိုကျ၊ အရှင်သခင်တွေအလိုကျ ရပ်တည်ထုတ်လွှင့်နေကြရပါတယ်။ ဒီကနေ့ မြန်မာနိုင်ငံအပေါ် အနောက်ဆရာကြီးများက အလိုမကျတဲ့အတွက် အမှန်ကိုအမှား၊ အကောင်းကိုအဆိုး အဆိုးမြင်သက်သက် ထုတ်လွှင့်တိုက်ခိုက်ပေးနေရပြီး မြန်မာပြည်တွင်းမှ သူတို့ရဲ့ သြဇာခံ ဒေါ်စုကြည်နဲ့ NLD အပေါ် တစ်ဖက်သတ် အကောင်းမြင်သက်သက် ထုတ်လွှင့်ပေးနေရပါတယ်။ အမှန်တရားကို ရှာဖွေရင် ပကတိဘဝမှာ ရှာဖွေရမယ့်အစား ပကတိအမှန်တရားကို မျက်ကွယ်ပြုပြီး မလိုတစ်မျိုး လိုတစ်မျိုး ကျင့်သုံးနေတဲ့ အနောက်ဆရာကြီးနဲ့ အပေါင်းပါတွေအပေါ် နိုင်ငံတကာကဆန့်ကျင် ဝိုင်းပယ်လာကြသလို ၎င်းတို့ရဲ့ သြဇာခံသတင်းဌာနတွေကိုလည်း နိုင်ငံတကာက အန္တရာယ်အဖြစ် ရှုမြင်လာနေကြပါတယ်။

**ဒေါ်စုကြည်ကို ဒီမိုကရေစီခေါင်းဆောင်လို့ အဲဒီအနောက်သြဇာခံ သတင်းဌာနတွေက မြှောက်ပင့်ထုတ်လွှင့်ပြောဆိုနေပါတယ်။ တကယ်ဆိုရင် ဒီမိုကရေစီခေါင်းဆောင်ရယ်လို့ မရှိအပ်ပါဘူး၊ ဒီမိုကရေစီဆိုတာ ပြည်သူလူထုကပြည်သူ့အတွက် ပြည်သူကိုယ်တိုင် တင်မြှောက်တဲ့အစိုးရလို့ ဖွင့်ဆိုကြပါတယ်။ ဒါကြောင့် ဒီမိုကရေစီရဲ့ ခေါင်းဆောင်ဟာ ပြည်သူလူထုသာဖြစ်ရမယ်၊ ဘယ်လိုမှ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်က ဒီမိုကရေစီခေါင်းဆောင် မဖြစ်နိုင်ပါ။ ဒီမိုကရေစီကို ခေါင်းဆောင်တွေက မဖန်တီးနိုင်၊ ပြည်သူလူထုကသာ ဖန်တီးနိုင်တယ်** (Leaders do not make democracy people do.) **ဆိုတဲ့ ဒီမိုကရေစီကျင့်စဉ်နဲ့ ကြည့်မယ်ဆိုရင်လည်း ဒီမိုကရေစီခေါင်းဆောင်ဟာ ပြည်သူလူထုသာ ဖြစ်တယ်။ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မဖြစ်နိုင်ပါဘူး။ ဒါတွေကို သိရက်နဲ့ အနောက်သြဇာခံသတင်းဌာနတွေက ဒေါ်စုကြည်ကို ဒီမိုကရေစီခေါင်းဆောင်လို့ မြှောက်ပင့်ပြောဆိုအမွှမ်းတင်နေတာဟာ အနောက်ဆရာကြီးနဲ့ အပေါင်းပါတွေက ဒေါ်စုကြည်ကို မြန်မာပြည်တွင်းမှာ ရုပ်သေးရုပ်လိုအသုံးချဖို့ လှည့်စားမှုတစ်ရပ်သာဖြစ်ပါတယ်။**

မကြာသေးခင်က မြန်မာ့အရေးကို လုပ်ဇာတ်ခင်း ပုံကြီးချဲ့ပြီး လုံခြုံရေးကောင်စီကို အသုံးချ အကျပ်ကိုင်ဖို့ မူကြမ်းတင်သွင်းခဲ့တဲ့ အမေရိကန်နဲ့ ဗြိတိန်သံရုံးရှေ့မှာ မျိုးချစ်အင်အားစုအချို့က ဆန္ဒပြဆန့်ကျင်ခဲ့ကြပါတယ်။ ဒီသတင်းမှန်ကို RFA က လိမ်ညာပြီး ပြည်တွင်းက အမျိုးသားသစ္စာဖောက်တစ်ဦးနဲ့ အတိုင်အဖောက်လုပ်ပြီး နေ့တွက် တစ်နေ့သုံးထောင်ကျပ်ပေးပြီး အခုလို ဆန္ဒပြခိုင်းတာဖြစ်တယ်လို့ လုပ်ကြံထုတ်လွှင့်ခဲ့ပါတယ်။မြန်မာပြည်သူ (၅၅)သန်းကျော်တို့က အနောက်သြဇာခံဒေါ်စုကြည်နဲ့ NLD ကိုသာ ထောက်ခံရင် အခုလို NLD ပါတီဟာ ပူဖောင်းကြီးကို အပ်နဲ့ဖောက်လိုက်သလို ပိန်ချုံးချုပ်ငြိမ်းလာမယ် မဟုတ်ပါဘူး။ ဒါဟာ ပြည်ပသြဇာခံတွေရဲ့ သွားရာလမ်းဖြစ်ပါတယ်၊ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ဆိုတာဟာလည်း အသွင်အားဖြင့် ဒေါ်စုကြည်နဲ့ NLD ကို ထောက်ခံတယ်လို့ ထင်ရနိုင်ပါတယ်။ ဒါပေမယ့် အနှစ်သာရအားဖြင့် တစ်ပါတီစနစ်ကျင့်သုံးခဲ့တဲ့ အကျပ်အတည်းကို ဆန့်ကျင်ဖော်ပြမှုသာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံအကျိုးအတွက် ဘာတစ်ခုမှ ဆောင်ရွက်မှုမရှိသေးတဲ့ ဒေါ်စုကြည်နဲ့ NLD ကို ပြည်သူတွေ ထောက်ခံစရာအကြောင်း တစ်စုံတစ်ရာမရှိသေးလို့ပါဘဲ။ အလားတူပဲ ဒေါ်စုကြည်ကိုလည်း ပြည်သူတွေ ထောက်ခံစရာအကြောင်း မရှိသေးပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းသမီးဆိုတဲ့ ထောက်ခံမှုသာ ဖြစ်တယ်။

ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးအတွက် ဗြိတိသျှနယ်ချဲ့သမားနဲ့ ဖက်ဆစ်တွေကို အသက်ပေးတိုက်ပွဲဝင်သွားခဲ့ပါတယ်။ အမျိုးသားရေးအတွက် အသက်ပေးပြီးကြိုးပမ်းသွားခဲ့တယ်။ ဒေါ်စုကြည်က အမျိုးသားရေးအကျိုးကို လုံးဝဆန့်ကျင်ပြီး အနောက်အုပ်စုသြဇာကို အကြွင်းမဲ့ ခံယူကျင့်သုံးတယ်။ အမျိုးသားရေးအင်အားစုတွေကို ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ပြီး အနောက်အုပ်စုအလိုကျ အကြွင်းမဲ့ နာခံဆောင်ရွက်တယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဒေါ်စုကြည်ဟာ ပြဒါးတစ်လမ်း သံတစ်လမ်း၊ အရှေ့နဲ့အနောက်၊ တောင်နဲ့မြောက်လို ကွဲပြားခြားနားတယ်ဆိုတာကို ဒီကနေ့ ပြည်သူတွေ ထင်ရှားစွာ သိမြင်လာခဲ့ပါပြီ။

**၁၉၉၀ပြည့်နှစ်ရွေးကောက်ပွဲမှာ NLDကို မဲပေးခဲ့တာဟာ တပ်မတော်အစိုးရအပေါ် ဆန့်ကျင်လို့မဟုတ်ဘူး။ တပ်မတော်အစိုးရကလည်း ပြိုင်ဘက်ပါတီတစ်ခုအနေနဲ့ ရပ်တည်ခဲ့တာမဟုတ်ပါဘူး။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး အမျိုးသားရေးအကျိုးအတွက် အမျိုးသားနိုင်ငံရေးတာဝန်ကို ထမ်းဆောင်နေတာသာဖြစ်တယ်။ ဒါကြောင့် တပ်မတော်အစိုးရရှေ့ဆောင်တဲ့ နိုင်ငံထူထောင်ရေးလုပ်ငန်းတွေဟာ အရင်ဘယ်ခေတ်နဲ့မှမတူအောင် အောင်မြင်တိုးတက်လာတယ်။ အမျိုးသား ပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီရေး ကြိုးပမ်းမှုတွေ အောင်မြင်တိုးတက်နေတာဖြစ်ပါတယ်။** ဒီကနေ့ မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံတော်ကို အကောင်အထည်ဖော်နေပြီ ဖြစ်တယ်။ ပထမအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးမှာ ပြည်ထောင်စုဖွား တိုင်းရင်းသားကိုယ်စားလှယ် အလွှာစုံတက်ရောက်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေခံမူတွေ၊ အသေးစိတ်အခြေခံမူတွေကို ညှိနှိုင်းချမှတ်လို့ အပြီးသတ်တော့မယ်ဖြစ်ပါတယ်။

အဲဒီအမျိုးသားညီလာခံကြီးမှာ တိုင်းရင်းသားကိုယ်စားလှယ်များနဲ့ တစ်စိတ်တစ်ဝမ်းတည်း တက်ရောက်နေကြတဲ့ NLD အရွေးချယ်ခံကိုယ်စားလှယ် (၈၀)ကျော်ဟာ ၁၉၉၅ခုနှစ် ဒေါ်စုကြည် တားဆီးအမိန့်က လွတ်မြောက်လာတဲ့အချိန်မှာ ဒေါ်စုကြည်တစ်ဦးတည်းရဲ့ ညွှန်ကြားချက်ကို လက်ညှိုးထောင်ခေါင်းညိတ်ပြီး အမျိုးသားညီလာခံကြီးကို ဆန့်ကျင်ထွက်ခွာခဲ့ရတယ်။ အဲဒီတုန်းက မြန်မာနိုင်ငံသို့ ရောက်ရှိနေတဲ့ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ် မယ်ဒလင်းအောလ်ဘရိုက်နဲ့ တွေ့ဆုံအပြီးမှာ ဒေါ်စုကြည်က အမျိုးသားညီလာခံမှထွက်ခွာဖို့၊ အမျိုးသားပြန်လည်စည်းလုံးရေးကို ဆန့်ကျင်ဖို့ ညွှန်ကြားခဲ့တာဖြစ်တယ်။

ဒေါ်စုကြည်ဟာ ဒီမိုကရေစီခေါင်းဆောင်လား၊ ပါတီအာဏာရှင်လား။ NLD မှာ ဒေါ်စုကြည်ရဲ့ဆန္ဒဟာ တရားဥပဒေ၊ အရာရာမှာ ဒေါ်စုကြည်ရဲ့ဆန္ဒဟာ အဆုံးအဖြတ်ဖြစ်နေပါတယ်။ ဒီကနေ့ NLD တောင်းဆိုနေတဲ့ တွေ့ဆုံဆွေးနွေးရေးနဲ့ အလုံးစုံပျက်သုဉ်းရေးဟာလည်း ဒေါ်စုကြည်ရဲ့ဆန္ဒပါ။ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီဆိုတာလည်း ဒေါ်စုကြည်ရဲ့ အလိုဆန္ဒပေါ်မှာ မူတည်နေပါတယ်။ ဒါတွေကို သိပါရက်နဲ့ အနောက်သြဇာခံသတင်းဌာနတွေက ဒေါ်စုကြည်ကို ဒီမိုကရေစီခေါင်းဆောင်လို့ အမွှမ်းတင်ပြောဆိုထုတ်လွှင့်နေတယ်။ ဒါဟာ အနောက်ဆရာကြီးများအလိုကျ ပြောဆိုထုတ်လွှင့်နေမှုဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။

**ဒီကနေ့မှာ အဲဒီလို အမေကျော်ဒွေးတော်လွမ်းတဲ့ ပြည်ပသြဇာခံတွေရဲ့ လုပ်ရပ်အပေါ် မခံမရပ်နိုင်တဲ့ တိုင်းချစ်ပြည်ချစ် အမျိုးသားအင်အားစုတွေ ပိုမိုခိုင်မာ ကြီးထွားလာနေပါတယ်။**

၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ ၉ရက်က ရန်ကင်းမြို့နယ် ကျောက်ကုန်းကျောင်းကြီးတိုက်မှာ အမျိုးသားနိုင်ငံရေးအင်အားစုများရဲ့ ပြည်ထောင်စုနေ့အကြို တွေ့ဆုံပွဲနဲ့ သတင်းထုတ်ပြန်ကြေညာတဲ့ သတင်းစာရှင်းလင်းပွဲတစ်ခု ပြုလုပ်ခဲ့ပါတယ်။ အဲဒီမှာ ပါဝင်ခဲ့တဲ့ အဖွဲ့အစည်း(၇)ဖွဲ့မှာ အမျိုးသားနိုင်ငံရေးအင်အားစုများ၊ ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)၊ ဝံသာနု NLD အဖွဲ့ဝင်များ၊ မန္တလေးတိုင်းနုတ်ထွက်NLD များ၊ အမျိုးသားညီလာခံ တက်ရောက်နေကြတဲ့ တစ်သီးပုဂ္ဂလ အရွေးချယ်ခံ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြပါတယ်။ အဲဒီလို တိုင်းချစ်ပြည်ချစ် အမျိုးသားရေးအင်အားစုတွေရဲ့ တွေ့ဆုံပွဲ နဲ့ သတင်းစာရှင်းလင်းပွဲကို ပြည်သူတွေ အထင်အမြင်လွဲမှားအောင် ၁၀-၂-၂၀၀၇ ရက် ညဘက် RFA သတင်းမှာ လူလေးငါးရာ တက်ရောက်ကြောင်း၊ လှဘုရင်ပရိဘောဂလုပ်ငန်းမှ လုပ်သားများကို တစ်နေ့သုံးထောင်နှုန်း နေ့တွက်ပေးပြီး တက်ခိုင်းကြောင်း မဟုတ်မမှန် လုပ်ကြံထုတ်လွှင့်သွားပါတယ်။ အခမ်းအနားလာရောက်ပြင်ဆင်ပေးတဲ့ အလုပ်သမားအချို့ကလွဲပြီး အမှန်တကယ်တက်ရောက်ကြတဲ့ အင်အားစုတွေဟာ အမျိုးသားနိုင်ငံရေး အင်အားစု (၇)ဖွဲ့မှ အဖွဲ့ဝင်များနဲ့ ပြည်တွင်းပြည်ပ သတင်းစာဆရာများ ဖြစ်ပါတယ်။ အဲဒီလို အနောက်ရဲ့ သြဇာခံလက်ပါးစေ RFA သတင်းဌာနရဲ့ အကြံပက်စက် ဆန်ကောလောက်မှဖောက်မနက်တဲ့ လိမ်ညာထုတ်လွှင့်မှုအပေါ် အမျိုးသားနိုင်ငံရေးအင်အားစုအဖွဲ့ (၇)ဖွဲ့မှ အဖွဲ့ဝင်များက အလွန်ပင် မခံမရပ်နိုင်ဖြစ်ကြရပါတယ်။ စာရေးသူကိုယ်တိုင်လည်း တက်ရောက်ခဲ့တဲ့အတွက် အခုလို RFAရဲ့လိမ်ညာထုတ်လွှင့်ခဲ့မှုအပေါ် လုံးဝ မခံမရပ်နိုင်ဖြစ်ခဲ့ရတယ်။ ဒါကြောင့် ပြည်သူတွေ အမှန်အတိုင်းသိအောင် ဒီဆောင်းပါးကို ရေးသားတင်ပြရတာဖြစ်တယ်။

အထူးသဖြင့် RFA ဟာ အဓမ္မဗိုလ်ကျစိုးမိုးရေးဝါဒီ၊ နယ်ချဲ့လက်သစ်များဖြစ်သော အနောက်အုပ်စုဆန့်ကျင်ရေး ဆောင်းပါးများရေးသားတဲ့ စာရေးဆရာများကို အနောက်ဆရာကြီးရဲ့ လက်ပါးစေပီသစွာဖြင့် အလံနီလို့ စွပ်စွဲလေ့ရှိပါတယ်။ ဒီမိုကရေစီဆန့်ကျင်ရေးသမားတွေလို့ လွဲမှားစွာပုံဖော်နေတာဖြစ်ပါတယ်။ ပြည်တွင်းက ဆောင်းပါးရှင်တွေဟာ ဘယ်သူမှ အလံနီနဲ့ ဇကပဝါဒကို မရေးကြဘူး။ အောင်မိုးစံဆိုရင် လက်ဝဲစွန်းအလံနီနဲ့ ဇကပတို့ရဲ့ အမှားကို ဖော်ထုတ်ရေးသားနေသူသာဖြစ်တယ်။ အလားတူပဲ စာရေးဆရာ မောင်စေတနာ (B.A,B.Ed) တို့ဟာလည်း ဘယ်လိုမှ အလံနီနဲ့မပတ်သက်ကြပါဘူး။ ကမ္ဘာ့ကွန်မြူနစ်စနစ်အမှားကို ဖော်ထုတ်ရေးသားနေသူတွေသာဖြစ်တယ်။

လူတွေမှာ မတူတဲ့သမိုင်းကြောင်း ကိုယ်စီရှိမြဲဖြစ်တယ်။ ဒီကနေ့ အရှေ့ဥရောပနိုင်ငံတွေဟာလည်း တစ်ချိန်က ကွန်မြူနစ်ဆိုရှယ်လစ်နိုင်ငံတွေ ဖြစ်ပါတယ်။ လူတစ်ယောက်ဟာ တစ်ချိန်က ဘာဖြစ်ဖြစ်၊ ဒီကနေ့ဘာဖြစ်နေသလဲဆိုတာသာ အဆုံးအဖြတ်ဖြစ်ပါတယ်။ တစ်ချိန်က လူဆိုးလူပေတစ်ယောက်ဟာ ဒီကနေ့ သူတော်ကောင်း သူမြတ်လောင်းဖြစ်နေရင် လူဆိုးလူပေပဲလို့ တရားသေမသတ်မှတ်နိုင်။ အဲဒီလိုသာ တရားသေသတ်မှတ်ကြမယ်ဆိုရင် NLD ဥက္ကဋ္ဌ ဦးအောင်ရွှေဟာလည်း တစ်ချိန်က ဗိုလ်မှူးချုပ်/ဖဆပလဖြစ်ခဲ့တယ်။ ဒုဥက္ကဋ္ဌ ဦးတင်ဦးဟာလည်း တစ်ချိန်က လမ်းစဉ်ပါတီ ဗဟိုအလုပ်အမှုဆောင် ဗိုလ်ချုပ်ကြီးဖြစ်ခဲ့ပါတယ်။ အနောက်လက်ပါးစေ RFA သတင်းဌာနရဲ့ မလိုတစ်မျိုး လိုတစ်မျိုး ထုတ်လွှင့်နေမှုဟာ အလွန်ပင်ဂုဏ်သိက္ခာမဲ့လှပါတယ်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ⇨**

**ဒေါ်စုကြည်ကို ဒီမိုကရေစီခေါင်းဆောင်လို့ အဲဒီအနောက်သြဇာခံ သတင်းဌာနတွေက မြှောက်ပင့်ထုတ်လွှင့်ပြောဆိုနေပါတယ်။ တကယ်ဆိုရင် ဒီမိုကရေစီခေါင်းဆောင်ရယ်လို့ မရှိအပ်ပါဘူး၊ ဒီမိုကရေစီဆိုတာ ပြည်သူလူထုက ပြည်သူ့အတွက် ပြည်သူကိုယ်တိုင် တင်မြှောက်တဲ့အစိုးရလို့ ဖွင့်ဆိုကြပါတယ်။ ဒါကြောင့် ဒီမိုကရေစီရဲ့ခေါင်းဆောင်ဟာ ပြည်သူလူထုသာ ဖြစ်ရမယ်၊ ဘယ်လိုမှ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်က ဒီမိုကရေစီခေါင်းဆောင် မဖြစ်နိုင်ပါ။**

⇨ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ဒါ့အပြင် ၁၁-၂-၂၀၀၇ ရက်ည RFA နဲ့ တွေ့ဆုံမေးမြန်းခန်း တစ်ခုမှာ ဒီ/ငြိမ်း အဖွဲ့ဝင်ဟောင်းတစ်ဦးက အမျိုးသားနိုင်ငံရေးဆိုတာ သူတစ်ဦးတည်းပိုင်ဖြစ်တယ်၊ သူသာ အမျိုးသားရေးအစစ်ဖြစ်တယ်၊ အမျိုးသားနိုင်ငံရေးအင်အားစု(၇)ဖွဲ့ဆိုတာ အတုသာဖြစ်တယ်လို့ ရှုးကြောင်မူးကြောင် ပြောဆိုသံကို ကြားလိုက်ရပြန်ပါတယ်၊ အမျိုးသားရေး၊ အမျိုးသားနိုင်ငံရေးဆိုတာ ထိုပုဂ္ဂိုလ်တစ်ဦးတည်း အမွေပိုင်ပစ္စည်းမဟုတ်ဘူး။ အမျိုးသားနိုင်ငံရေးနဲ့ အမျိုးသားရေးကို တစ်ဦးတည်း သူပိုင်တယ်လို့ ပြောနေတာဟာ စိတ်မှမှန်သေးရဲ့လားလို့ ထင်မိတယ်။

**အမျိုးသားရေး၊ အမျိုးသားနိုင်ငံရေးဆိုတာ မြန်မာတစ်မျိုးသားလုံး နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့စဉ်က နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့တဲ့ တစ်မျိုးသားလုံးအရေး၊ တစ်မျိုးသားလုံးအကျိုးဖြစ်တယ်။ ဒီခံယူချက်နဲ့ လွတ်လပ်ရေးကြိုးပမ်းခဲ့တာဖြစ်ပါတယ်။ လွတ်လပ်ရေး ရလာတဲ့အခါလည်း ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒဂိုဏ်းဂဏစွဲ၊ လူမျိုးစွဲကင်းစွာ တစ်မျိုးသားလုံးအကျိုးစီးပွားကို ဆောင်ရွက်တာဟာ အမျိုးသားနိုင်ငံရေး၊ အမျိုးသားရေးဖြစ်ပါတယ်။ အမျိုးသားရေးရဲ့ရန်သူဟာ ပြည်ပက နယ်ချဲ့ကျူးကျော်မှု၊ ဝင်ရောက်စွက်ဖက်မှု၊ ပြည်ပသြဇာခံပြီး အမျိုးသားရေးအပေါ် သစ္စာဖောက်မှုများဖြစ်ပါတယ်။**

၁၉၈၈ ခုနှစ်မှာ နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ဝင်ရောက်ထမ်းဆောင်လာခဲ့ရတဲ့ တပ်မတော်အစိုးရဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး အမျိုးသားရေး အကျိုးစီးပွားဖြစ်တဲ့ အမျိုးသားနိုင်ငံရေးတာဝန်ကို အစဉ်တစိုက် ကျေပွန်စွာ ထမ်းဆောင်နေတာဖြစ်တယ်။

ဒါကြောင့် ဒီကနေ့လို ပြည်ပနိုင်ငံကြီးအချို့က ပြည်တွင်းမှာသြဇာခံတွေ၊ လက်ပါးစေတွေမွေးပြီး ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်တဲ့ အချိန်မှာ အမျိုးသားနိုင်ငံရေး အင်အားစုအသီးသီးက တပ်မတော်အစိုးရနဲ့ လက်တွဲဆောင်ရွက်လာကြတာ ဖြစ်ပါတယ်။ အနောက်သြဇာခံ လက်ပါးစေ ဒလန်ဖြစ်တဲ့အဲဒီပုဂ္ဂိုလ်နဲ့ အမျိုးသားရေးဟာ တခြားစီပါ။ အခုလို အဲဒီပုဂ္ဂိုလ်က သူ့ဟာသူ အမျိုးသားရေးပုဂ္ဂိုလ်လို့ အမည်ပေး အရေခြုံနေတာကို အနောက်သြဇာခံ သတင်းဌာနတွေက ဘယ်လိုပင် ဖုံးကွယ် အမွှမ်းတင်ပေးနေပေမယ့် ဒါဟာ အလောင်းတော် ဆဒ္ဒန် ဆင်မင်းဇာတ်ထဲက သောနုတ္တိုရ်မုဆိုးရဲ့ အကြံအစည်နဲ့ ရဟန်းဝတ်ရုံကို ခြုံထားသလိုသာ ဖြစ်နေပါတယ်။

အဲဒီပုဂ္ဂိုလ်ဟာ အနောက်သြဇာခံလက်ပါးစေဘဝနဲ့ ပြည်ပက ပြန်လာပြီးနောက် တပ်မတော်အစိုးရလက်ထက် ပါတီစုံခေတ်မှာ ဒီမိုကရေစီပါတီသို့ ဝင်ရောက်ခဲ့ပါတယ်။ ဒီနောက် ဝန်ကြီးချုပ်ဟောင်း ဦးနုရဲ့ ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးအဖွဲ့သို့ ကူးပြောင်းခဲ့ပါတယ်။ ဒီ/ငြိမ်းဘဝကနေ အရောင်ပြောင်းပြီး အမျိုးသားရေးပုဂ္ဂိုလ်ဆိုပြီး ဖြစ်လာခဲ့ပြန်ပါတယ်။ အဲဒီပုဂ္ဂိုလ်ဟာ နိုင်ငံရေးပါတီတွေမှာ အရေခြုံ ဝင်ရောက်ပြီး ပြည်ပသတင်းပေးလုပ်ခဲ့တဲ့အတွက် အရေးယူခံရမှာ ကြောက်လို့ အနောက်နိုင်ငံ သံရုံးတစ်ရုံးမှာ အမှုထမ်းပြီး ခိုအောင်းခဲ့တယ်။ အခု အဲဒီပုဂ္ဂိုလ်မိသားစု နေထိုင်တဲ့ အိမ်ကအစ အဲဒီသံရုံးရဲ့အထောက်အပံ့နဲ့ နေလာခဲ့တာ ဖြစ်တယ်။ သံရုံးကအလုပ်ထွက်ပြန်တော့လည်း အဲဒီပုဂ္ဂိုလ်ဟာ အခုလို အမျိုးသားရေးအရေခြုံပြီး အနောက်အုပ်စုရဲ့ သြဇာခံ ဒလန်အဖြစ်နဲ့ မသိမသာရပ်တည်နေပြန်တယ်။ အနောက်အုပ်စုနိုင်ငံတွေနဲ့ ချိတ်ဆက် လှုပ်ရှားနေမှုတွေရယ်၊ သူ့သခင် အဲဒီနိုင်ငံတွေကို ထိရင် မချိအောင်နာပြီး ထအော်နေတာတွေရယ်တို့က သက်သေခံနေပါတယ်။ အဲဒီလို ပြည်ပသြဇာခံပုဆိန်ရိုးက အမျိုးသားရေးအစစ်ပါလို့ ကြွေးကြော်နေတာဟာ သူခိုးက လူလူဟစ်ဆိုသလို ဖြစ်မနေဘူးလား။

**ဒီကနေ့ အဲဒီပုဂ္ဂိုလ်ဟာ အမျိုးသားရေးဆိုတဲ့အမည်ကို တစ်ဦးတည်း ပိုင်အဖြစ် အရေခြုံပြီး ပြည်တွင်းက တိုင်းချစ်ပြည်ချစ် အမျိုးသားရေး အင်အားစုများအပေါ် အတုအယောင်ပါလို့ လိမ်ညာထိုးနှက်နေတာ ဖြစ်တယ်။ ဒါ့အပြင် အဲဒီပုဂ္ဂိုလ်ဟာ တိုင်းချစ်ပြည်ချစ် အမျိုးသား နိုင်ငံရေး အင်အားစု(၇)ဖွဲ့ကို သခင်အလိုကျ တစ်ဖက်သတ် လုပ်မနေ သင့်ဘူးလို့ဆိုပြီး စော်ကားထားပါတယ်။**

အဲဒီပုဂ္ဂိုလ်လို အနောက်သြဇာခံလက်ပါးစေတွေက သူတို့အနောက်ဆရာတွေကိုထိရင် မချိအောင်နာသလို တိုင်းချစ်ပြည်ချစ် အမျိုးသားနိုင်ငံရေးအင်အားစုတွေကလည်း နိုင်ငံတော်နဲ့ အမျိုးသားရေးအကျိုးကို ထိခိုက်လာရင် ဘယ်လိုမှခေါင်းငုံ့ခံမယ်မဟုတ်ဘူးဆိုတာကို သိစေချင်ပါတယ်။ အဲဒီပုဂ္ဂိုလ်တို့လို ဒီမိုကရေစီရေး၊ အမျိုးသားရေးအရေခြုံ ပြည်ပအားကိုးပုဆိန်ရိုးတွေဟာ မြန်မာနိုင်ငံမှာ လွတ်လပ်စွာပြောဆိုခွင့် မရှိဘူးလို့ အနောက်သခင်ကြီးများအလိုကျ ကြွေးကြော်ပြလေ့ရှိပါတယ်။ အမှန်ကတော့ အဲဒီပုဂ္ဂိုလ်တို့လို ပုဆိန်ရိုးတွေဟာ အနောက်သြဇာခံ သတင်းဌာနများနဲ့ အလိုတူအလိုပါ ချိတ်ဆက်ပြီး မြန်မာနိုင်ငံအပေါ် ပျက်စီးရာ ပျက်စီးကြောင်း နည်းပေါင်းစုံနဲ့ ထိုးနှက်နေတာဖြစ်ပါတယ်။ နိုင်ငံတော် အစိုးရကိုရော နိုင်ငံတော်မူဝါဒကိုပါ ထင်သလို ပုတ်ခတ်ပြောဆိုနေတာတွေကို အနောက်သြဇာခံ သတင်းဌာနတွေမှာ စဉ်ဆက်မပြတ် ကြားနေ သိနေရပါတယ်။ နိုင်ငံတော်အစိုးရက သဘောထားကြီးစွာ ခွင့်ပြုထားတာကို အခွင့်ကောင်းယူပြီး နိုင်ငံတော်နဲ့ ပြည်သူ့ အကျိုးကို ဖျက်ဆီးဖို့ လက်ရဲဇက်ရဲ စည်းကျော်လာမယ်ဆိုရင်တော့ အဲဒီပုဂ္ဂိုလ်တွေအပေါ် အမျိုးသားရေးအင်အားစုတွေက လက်ပိုက်ကြည့်နေလိမ့်မယ် မဟုတ်ပါ။ ဒါကြောင့် အနောက်အုပ်စုသြဇာခံဒီမိုကရေစီရေး၊ အမျိုးသားရေးအရေခြုံ ပုဆိန်ရိုးများကို သတိထားကြဖို့ ရေးသားတင်ပြလိုက်ရပါတယ်။ ။

## ဂုဏဝိသိဋ္ဌပူဇာသဘင်ကျင်းပ

**ရန်ကုန် မတ် ၇**

ရန်ကုန်မြို့ရှိ နွားထိုးကြီးမြို့နယ်သူ၊ မြို့နယ်သားများ စုပေါင်း၍ ဘွဲ့တံဆိပ်တော်ရ သံဃာတော်နှစ်ပါးနှင့် သီလရှင်တစ်ပါးတို့အား ဂုဏဝိသိဋ္ဌပူဇာသဘင်ကို မတ် ၃ ရက်တွင် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ ကျင်းပသည်။

ဆက်လက်၍ မြို့နယ်သူ၊ မြို့နယ်သားများကိုယ်စား အကျိုးတော်ဆောင် ဦးအောင်ကြည်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့ သီတဂူ ဗုဒ္ဓတက္ကသိုလ်မှ ဒေါက်တာဘဒ္ဒန္တ ပဏ္ဍိတဝရာဘိဝံသ၊ သဒ္ဓမ္မဇောတိက ဓဇ ဘွဲ့တံဆိပ်တော်ရ နွားထိုးကြီးမြို့နယ် ဖလံကုန်းရွာ သန္တာရုံကျောင်းမှ ဘဒ္ဒန္တ ဝိသုဒ္ဓါစာရနှင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့ မိဂဒါဝုန်ကျောင်းမှ သီလရှင်ဆရာကြီး ဒေါ်ပုညကာမီ တို့၏ ထေရုပ္ပတ္တိကို ဖတ်ကြားပူဇော်ပြီး အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ကြကာ ဘဒ္ဒန္တပဏ္ဍိတဝရာဘိဝံသက အနုမောဒနာတရား ချီးမြှင့်သည်။ (က-ပ)

**အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကြက်တုပ်ကွေး ရောဂါ ကျွမ်းကျင်ပညာရှင်များ ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ်ရှိခဲ့သည့် ကြက်ခြံတွင် ကွင်းဆင်းကြည့်ရှုကြစဉ်။** (မွေး/ရေ)

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
## မြန်မာနိုင်ငံ ရန်ကုန်တိုင်းအတွင်း ကြက်ငှက်သေဆုံးမှုစစ်ဆေးချက်သတင်း

**ရန်ကုန် မတ် ၇**

ရန်ကုန်တိုင်း မြို့နယ်များအတွင်း ၇-၃-၂၀၀၇နေ့ ကြက်ငှက်သေဆုံးမှုဖြစ်စဉ်များနှင့် အရေးယူဆောင်ရွက်မှုများ

(က) **ငှက်မြေကျသေဆုံးမှု။** ၇-၃-၂၀၀၇နေ့တွင် ကမာရွတ်၊ စမ်းချောင်း၊ ပန်းဘဲတန်း၊ ရန်ကင်း၊ ဗဟန်း၊ မင်္ဂလာတောင်ညွန့်၊ မရမ်းကုန်း၊ အင်းစိန်၊ လှိုင်၊ ကြည့်မြင်တိုင်၊ တောင်ဥက္ကလာပ၊ အလုံ၊ လှိုင်သာယာ၊ ဆိပ်ကြီးခနောင်တို၊ မင်္ဂလာဒုံ ၁၅ မြို့နယ်အတွင်း ကျီးကန်း ၁၈ကောင်၊ ခိုသုံးကောင်၊ ပျံလွှားတစ်ကောင် မြေကျသေဆုံးခဲ့ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါပိုး မတွေ့ရှိရပါ။

(ခ) **ကြက်၊ ဘဲ သေဆုံးမှု။** အလုံမြို့နယ်အတွင်း တိုင်းရင်းကြက်တစ်ကောင်သေဆုံးခဲ့ပါသည်။ လက်ခံရရှိချိန်တွင် ဝမ်းတွင်းကလီစာများ ပုပ်ပွပျက်စီးနေသဖြင့် ရောဂါရှာဖွေ၍ ရရှိခြင်းမရှိပါ။

(ဂ) **တိရစ္ဆာန်ရောဂါ ရှာဖွေရေးဓာတ်ခွဲခန်းစစ်ဆေးချက်။** ကြက်ငှက်တုပ်ကွေး ရောဂါပိုး မတွေ့ရှိရပါကြောင်း။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**

## ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ရောဂါကာကွယ်မှုဆိုင်ရာ ဝတ်စုံနှင့် ပိုးသတ်ဆေးဖျန်းကိရိယာများ ပေးအပ်

**ရန်ကုန် မတ် ၇**

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် CARE- Myanmar မှ Country Director Mr. Peter Newsun က မြန်မာကျပ်ငွေ ၃၆ သိန်းတန်ဖိုးရှိသော ပိုးသတ်ဆေးဘူး ၁၀၀၊ ဆေးဖျန်းပုံး ၅၀၊ ကာကွယ်ဝတ်စုံများ၊ လက်အိတ်များ၊ ဖိနပ်များနှင့် မျက်မှန်များပါဝင်သောဝတ်စုံ ၁၁၂ခု ကို ယနေ့တွင် ရန်ကုန်တိုင်း ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများ၌ အသုံးပြုရန်အတွက် ပံ့ပိုးကူညီခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





## အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ကြက်တုပ်ကွေးရောဂါ ကျွမ်းကျင်ပညာရှင်များ ကွင်းဆင်းပူးပေါင်းဆောင်ရွက်

**ရန်ကုန် မတ် ၇**

ဒေသဆိုင်ရာ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ ဒေသတွင်းကြက်တုပ်ကွေး ညှိနှိုင်းရေးမှူး Dr. Wantanee Kalpravidh၊ ကြက်တုပ်ကွေး ဇီဝလုံခြုံရေးကျွမ်းကျင်ပညာရှင် Dr. Larry Allen နှင့် USAID မှ ကြက်တုပ်ကွေး ဓာတ်ခွဲခန်းကျွမ်းကျင်သူ Dr. Sudarad Damrongwatanapokin တို့သည် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန တိရစ္ဆာန်ဆေးကုဆရာဝန်များနှင့်အတူ ယနေ့ မရမ်းကုန်းမြို့နယ်နှင့် လှိုင်သာယာမြို့နယ်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ်ရှိခဲ့သည့် ကြက်ခြံနှစ်ခြံသို့ ကွင်းဆင်းကြည့်ရှုပြီး ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဂုဏ်ပြုလွှာပေးအပ်

**မုဒုံမြို့ ဘိုးဘွားရိပ်သာ လေ့လာရေးခရီးစဉ်အတွင်း မုဒုံမြို့နယ် အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ကြည်ထွန်း(ငြိမ်း)က မတ် ၁ရက်တွင် ငွေကျပ် ငါးသိန်းငါးသောင်း ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ အတွင်းရေးမှူး ဦးလှသိန်းလက်ခံပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။** (၂၅၇)

## မြဝတီရိပ်သာ ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲ

**ရန်ကုန် မတ် ၇**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် မဟာစည်မြဝတီ သာသနာ့ရိပ်သာ၌ (၁၆)ကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု တစ်လသင်တန်း အလှူတော်မင်္ဂလာ အခမ်းအနားကို မတ် ၂၄ ရက်နှင့် ၂၅ ရက်တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ ရဟန်း၊ သာမဏေ၊ သီလရှင်ဝတ်လိုသူများနှင့် လှူဒါန်းဖွယ်ရာများ လှူဒါန်းလိုပါက မြဝတီသာသနာ့ရိပ်သာ ဝေယျာဝစ္စအမှုဆောင်အဖွဲ့ ဖုန်း-၅၇၂၆၆၄ သို့ ဆက်သွယ်စာရင်းပေး လှူဒါန်းနိုင်ကြောင်း သိရသည်။ (၅၀၆)



# တိုင်းအဆင့်စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ကြည့်ရှုအားပေး

**ရန်ကုန် မတ် ၇**

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တိုင်းအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်ကြည့်ရှု အားပေးသည်။

အဆိုပါ တိုင်းအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ၌ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်မ၊ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိအဆင့် ရှစ်ဦး၊ အရာခံအဆင့် ရှစ်ဦး၊ အကြပ်အဆင့် ရှစ်ဦးနှင့် တပ်သားအဆင့် ၁၆ ဦး စုစုပေါင်း ၄၀ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တိုင်းအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်ဓာတ်ပုံပြိုင်ပွဲနှင့် ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က ပုဇွန်တောင်မြို့နယ် အမှတ်(၅)ရပ်ကွက် သုခမိန်စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဒေါ်မြင့်အေးနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းခိုင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)



## သတ္တမအကြိမ်မြောက် ခုနစ်ရက်တရားစခန်းဖွင့်မည်

**ရန်ကုန် မတ် ၇**

ဖော့ကန်ဝါဥူးပရိယတ္တိ စာသင်တိုက် ဖော့ကန်ရပ်ကွက် အင်းစိန်မြို့နယ် ရန် ကုန်တိုင်း၌ သင်္ကြန်တွင်း မဟာသတိပဋ္ဌာန် အလုပ်ပေး ခုနစ်ရက်တရားစခန်းဖွင့်၍ ကမ္မဋ္ဌာနာစရိယ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုနန္ဒမဟာထေရ်နှင့် ကမ္မဋ္ဌာနာစရိယ ဆရာတော်များက ဟောကြားပြသမည်ဖြစ်ရာ ဧပြီ ၁၂ရက် နောက်ဆုံးထား စာရင်းပေးသွင်းပြီး တရားအားထုတ်နိုင်ကြောင်းနှင့် ဖုန်း-၇၂၂၈၈၇ သို့ ဆွမ်း၊ အချိုပွဲ၊ အအေး၊ ဆေးတို့ကို လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၈-၃-၂၀၀၇ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြပာန်ဂီတသံ
- **၄:၁၅** ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၃၅** ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၄:၅၅** ၆။ မျိုးချစ်တပ်မတော်
- **၅:၂၅** ၇။ မြန်မာသံစဉ်ချိုနားဝင်
- **၅:၃၀** ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၅:၃၅** ၉။ ဟဒယရွှင်လန်းအငြိမ့်ခန်း
- **၅:၄၀** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၃၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၆:၃၅** ၁၅။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်တစ်စင်းရဲ့သံစဉ်" (အပိုင်း-၂၇)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၁၉။ ကုန်သွယ်သုတ
  - ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးနဂါးသိုင်းရှစ်ကွက်" (အပိုင်း-၁၂)**
  - ၂၂။ သင့်အတွက်မနက်ဖြန်
  - ၂၃။ အပိတ်နှုတ်ဆက်စကား
  - ၂၄။ ပြီးပါပြီ။

# (၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

# စစ်တောင်းတံတား(မုပ္ပလင်)တည်ဆောက်မှု ရာခိုင်နှုန်းပြည့်ပြီးစီး ချဉ်းကပ်လမ်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် မတ် ၇**

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ရန်ကုန်-ပဲခူး-မော်လမြိုင် ကားလမ်းတစ်လျှောက် လမ်း၊တံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေး၍ စစ်တောင်းတံတား(မုပ္ပလင်) တံတားစီမံကိန်း ရှင်းလင်းဆောင် မုပ္ပလင်ဘက်ကမ်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် ဝန်ကြီးအား တာဝန်ခံ အင်ဂျင်နီယာမှူး ဦးကျော်လင်းက စစ်တောင်းတံတား (မုပ္ပလင်)တည်ဆောက်ရေးလုပ်ငန်းများ ရာခိုင်နှုန်းပြည့်ဆောင်ရွက်ပြီးစီးနေမှုနှင့် တံတား၏ချဉ်းကပ်လမ်း ဝေါဘက်ကမ်းနှင့် မုပ္ပလင်ဘက်ကမ်း၌ မြေသားတာပေါင်ဖို့ခြင်း၊ဒု-အခြေခံလွှာ ဂဝံကျောက်ခင်းခြင်း၊ အခြေခံလွှာ ခွဲကျောက်ခင်း၍ ကတ္တရာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။**

ထို့နောက် ဝန်ကြီးသည် ဝေါဘက်ကမ်းနှင့် မုပ္ပလင်ဘက်ကမ်း ချဉ်းကပ်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရာခိုင်နှုန်းပြည့်ပြီးစီးနေပြီဖြစ်သည့် တံတားကြီးပေါ်မှ ကားများဖြင့် ဖြတ်သန်း ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးက ကုန်တင်ဝန်လေး ယာဉ်ကြီးများ ခံနိုင်သည့် လမ်းပုံစံအတိုင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချိန်အမီ ပြီးစီးအောင် ဆောင်ရွက်ရန် တာဝန်ခံ အင်ဂျင်နီယာများအား မှာကြား၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

စစ်တောင်းတံတား (မုပ္ပလင်)မှာ ယခုလက်ရှိ စစ်တောင်းတံတား (သိမ်ဇရပ်)၏အောက် လေးမိုင်ခန့်အကွာ ဝေါမြို့နယ် ကံကြီးဆိပ်ရွာနှင့် ကျိုက်ထိုမြို့နယ် စစ်တောင်းရွာတို့အနီး စစ်တောင်းမြစ်ကိုဖြတ်ကျော်တည်ဆောက်သည့် တံတားဖြစ်သည်။ အဆိုပါ တံတားမှာ ရန်ကုန်-ထားဝယ်-မြိတ်- ကော့သောင်းလမ်း မိုင်တိုင်(၈၁/၄)မှ စစ်တောင်း-ညောင်ခါးရှည်-ဒိုက်ဦး လမ်းအတိုင်း ၆မိုင် ၂ ဖာလုံအကွာ ကံကြီးဆိပ်ရွာဘက်နှင့် စစ်တောင်းရွာမှ ၁ မိုင် ၄ ဖာလုံအကွာ ရန်ကုန်-ထားဝယ်-မြိတ်-ကော့သောင်းလမ်း မိုင်တိုင် (၉၃/၀)သို့ ဆက်သွယ်ပေးမည်ဖြစ်သည်။

စစ်တောင်းတံတား (မုပ္ပလင်)မှာ ပင်မတံတား သံပေါင် ၁၃၆၅ ပေ၊ ချဉ်းကပ်တံတားမှာ သံမဏိရက်မနှင့် သံကူကွန်ကရစ်ရက်မတို့ဖြင့် မုပ္ပလင်ဘက်၌ ၂၄၃ ဒသမ ၆ပေ၊ ဝေါဘက်၌ ၇၈၄ ဒသမ ၁ပေ၊ စုစုပေါင်း ၂၃၉၂ ဒသမ ၇ ပေ အရှည်ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် လူသွားလမ်း တစ်ဖက်လျှင် ခြောက်ပေစီနှင့် နှစ်ဖက်ပါရှိ၍ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။ ယခုအခါ တံတားလုပ်ငန်းများ ရာခိုင်နှုန်းပြည့် ပြီးစီးလျက် ချဉ်းကပ်လမ်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## စမ်းချောင်းလမ်း တရားစခန်း

**ရန်ကုန် မတ် ၇**

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အလုပ်တရားတော်ကို ကမ္မဋ္ဌာန်းနည်းပြ ဆရာဦးကျော်နိုင်ထွန်းက မတ် ၁၅ ရက်မှ ၂၄ ရက်အထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်(၂၉) ဒုတိယလွှာတွင် မွန်းတည့် ၁၂နာရီမှ ညနေ ၅ နာရီအတွင်း နေ့စဉ် ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ပြီး ဖုန်း-၅၁၉၀၉၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)



## ဆရာဝန်များ ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

**မန္တလေး မတ် ၃**

(၃၄)ကြိမ်မြောက် ဆရာဝန်များ ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို မတ် ၃ရက် ညနေ ၃နာရီတွင် မန္တလေးရေတံခွန်တောင် ဂေါက်ကွင်း၌ ကျင်းပရာ သက်ကြီးဆရာဝန်၊ သက်ငယ်ဆရာဝန်၊ သက်ငယ်မိတ်ဆွေ ပြိုင်ပွဲတို့မှ ပထမမှ အဆင့် ၁၀ အထိ ဆုရရှိသူများ၊ သက်ကြီးမိတ်ဆွေပြိုင်ပွဲတွင် ပထမ မှ ပဉ္စမအထိ ဆုရရှိကြသူများအား မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာစိုးထွန်း(ပါမောက္ခချုပ် ဆေးတက္ကသိုလ်၊ ငြိမ်း)၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဆေး၀ါးတက္ကသိုလ် မန္တလေး ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာခင်မောင်မြင့်၊ အထွေထွေအတွင်းရေးမှူး ဆီးနှင့်ကျောက်ကပ်ခွဲစိတ်အထူးကု ဒေါက်တာခင်မောင်ကျော်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(အပေါ်ပုံ)** (၄၆၉)

➪ ကျောဖုံးမှ

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွန့်စိန်က လူတွင်ဖြစ်ပွားတတ်သော ကြက်ငှက်တုပ်ကွေးရောဂါအကြောင်းနှင့်ပတ်သက်၍လည်းကောင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊ ကျန်းမာရေးပညာပေးခြင်း လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော အသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်းကောင်း တင်ပြဆွေးနွေးသည်။

ယင်းနောက် ရန်ကုန်တိုင်းမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာစိုးဝင်းက ရန်ကုန်တိုင်းအတွင်းရှိမြို့နယ်အချို့၌ ကြက်ငှက်သေဆုံးမှုဖြစ်စဉ်များနှင့် အရေးယူဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ရန်ကုန်တိုင်းအတွင်း ကြက်၊ ငှက်၊ တုပ်ကွေးရောဂါ လူတွင်ကူးစက်မှုမဖြစ်ပွားစေရေးအတွက် မွေးမြူရေးခြံလုပ်သားများ၊ မိသားစုဝင်များ၊ မွေးမြူရေးနှင့် ကုသရေး ဝန်ထမ်းများနှင့် ပတ်ဝန်းကျင်တွင် နေထိုင်ကြသူများအား မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ကျန်းမာရေးဝန်ထမ်းများအား ရောဂါကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရမည့်နည်းဗျူဟာများကို လေ့ကျင့်သင်ကြားပြီးစီးမှုအခြေအနေနှင့် ညှိနှိုင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဒုတိယအကြိမ်အစည်းအဝေး ကျင်းပ

ရန်ကုန် မတ် ၇

**၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့ ညနေ ၅နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ မလိခ ခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။**

အဆိုပါအစည်းအဝေးတွင် ပြပွဲဗဟိုကော်မတီဝင်များနှင့် ဆပ်ကော်မတီများဖြစ်ကြသော ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ ဘဏ္ဍာရေး၊ ပြန်ကြားရေးနှင့် စီမံနဲ့ခွဲရေးဆပ်ကော်မတီများက (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များက ၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ကျယ်ကျယ်ပြန့်ပြန့်နှင့် အောင်မြင်ချောမောစွာကျင်းပနိုင်ရေးအတွက် အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်များအစည်းအဝေး ကျင်းပမည်

**ရန်ကုန် မတ် ၇**

သာသနာရေးဝန်ကြီးဌာန ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(သီတဂူ)တို့ကကြီးမှူး၍ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓတက္ကသိုလ်များအစည်းအဝေးကို မတ် ၉ ရက်မှ ၁၁ ရက် အထိရန်ကုန်မြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် ပုပ္ပားတောင်ဟိုတယ်တို့တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံပေါင်း၁၃နိုင်ငံရှိ ဗုဒ္ဓတက္ကသိုလ်ပေါင်း ၁၉ခုတို့မှ ဗုဒ္ဓကျမ်းစာပညာရှိကထိက၊ ပါမောက္ခ၊ ပါမောက္ခချုပ် စုစုပေါင်း ၈၀ကျော်တက်ရောက်၍ ဗုဒ္ဓကျမ်းစာ၊ သုတ္တ၊ ဝိနယ၊ အဘိဓမ္မာဆိုင်ရာ စာတမ်း ၄၀ ကျော် ဖတ်ကြားတင်သွင်းကြမည်ဖြစ်သည်။

အစည်းအဝေးတွင် ဗုဒ္ဓတက္ကသိုလ် ပညာရှင်တို့၏ နည်းစနစ်နှင့် အတွေ့အကြုံများ အပြန်အလှန်ဖလှယ်ခြင်း၊ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်များ အစည်းအရုံးတစ်ခု ထူထောင်ခြင်း၊ နည်းပညာ၊ နည်းပြနှင့် ကျောင်းသားများအပြန်အလှန်လဲလှယ်ရေး သဘောတူညီချက်စာချွန်လွှာများ လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲဗဟိုကော်မတီ ဒုတိယအကြိမ်အစည်းအဝေး တွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

### ❍ ဗဟိုအလုပ်အမှုဆောင်မှ

အမှာစကားပြောကြားပြီး ထောက်ပံ့ငွေ ပေးအပ်သည်။ ဝက်လက်မြို့နယ် အတွင်း ယခုနှစ်နွေရာသီကျောင်းပိတ်ရက်ကာလတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူး၍ နွေရာသီလူငယ်သင်တန်း ၁၄မျိုး ဖွင့်လှစ်မည်ဖြစ်ပြီး လူငယ် ၂၂၀၀၀ ကျော် တက်ရောက်ကြမည် ဖြစ်သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် ဝက်လက်မြို့နယ် ဆားတောင်နီကျေးရွာတွင် ကျင်းပသော ကျေးရွာမုခ်ဦးဖွင့်ပွဲသို့ တက်ရောက်၍ အလှူရှင် ပြည်ကြီးတံခွန်မြို့နယ် ငြိမ်းချမ်းရွှေပြည်စာသင်တိုက် ဆရာတော် သာသနဓဇဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတရေ သဒ္ဓမ္မဇောတိကဓဇ သီတဂူကြယ်တစ်ပွင့် ဘဒ္ဒန္တပညာနန္ဒနှင့်အတူ ကျေးရွာဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကာ ဗဟိုအလုပ်အမှုဆောင်က ဗလာစာအုပ်များနှင့် အားကစားပစ္စည်းများပေးလှူသည်။

**လှူဖွယ်ပစ္စည်းကပ်လှူ**

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် ဝက်လက်မြို့နယ် အရှေ့ရွှေကျင်ကျေးရွာ သဇ္ဇနာနန္ဒ ကျောင်းတိုက် ပဓာနနာယကဆရာတော် မြို့နယ်သြဝါဒါစရိယ သာသနဓဇသိရီပဝရ၊ ဓမ္မာစရိယ ဘဒ္ဒန္တသဂ္ဂနာဘိသီရိအား ဖူးမြော်၍ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကပ်လှူသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် အရှေ့ရွှေကျင်ကျေးရွာ မူလတန်းလွန် ကျောင်းဆောင်သစ် ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် ကျောင်းဆောင်သစ်ကို အလှူရှင် ဦးဝင်းဦးနှင့် မြို့နယ်ပညာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ အရှေ့ရွှေကျင်ကျေးရွာမှ စုပေါင်းပေးအပ်သော အသင်းဝင် အဆိုပြုလွှာ ၄၁၂ စောင်ကို ရွှေဘိုခရိုင် အတွင်းရေးမှူးကလက်ခံပြီး ဒေသခံတစ်ဦးက အသင်းဝင် အဆိုပြုလွှာ ပေးအပ်ရခြင်းကိုရှင်းလင်းတင်ပြသည်။ ယင်းနောက် ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြားပြီးစာသင်ခုံများ၊ကျောင်းသုံး ဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ယနေ့ဖွင့်လှစ်သော ကျောင်းဆောင်သစ်မှာ အလျားပေ ၉၀၊ အနံ ၂၆ပေရှိ တစ်ထပ် အုတ်ညှပ် သွပ်မိုးအဆောက်အအုံဖြစ်ပြီး ဝက်လက်မြို့နယ် ရှိမ်းမကားကျေးရွာနေ ဦးဝင်းဦး၊ ဒေါ်ခင်နန်းမြိုင် မိသားစုက ငွေကျပ် ၈၃သိန်း အကုန်အကျခံတည်ဆောက်လှူဒါန်းခြင်းဖြစ်သည်။

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် ဝက်လက်မြို့နယ် ရုံးပင်ကုန်းကျေးရွာ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ဖွင့်ပွဲသို့ တက်ရောက်၍ အလှူရှင်နှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ဗဟိုအလုပ်အမှုဆောင်က မီးခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး မီးစက်အဆောက်အအုံကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့ဖွင့်လှစ်သည့် စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ကို သာသနဓဇဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတရေ သဒ္ဓမ္မဇောတိကဓဇ သီတဂူ ကြယ်တစ်ပွင့် ဘဒ္ဒန္တပညာနန္ဒက ငွေကျပ်သိန်း ၅၀ အကုန်အကျခံ တည်ဆောက်လှူဒါန်းပြီး ကျေးရွာအတွင်း အိမ်ခြေ ၁၈၀ကို ညစဉ် ၆နာရီမှ ၁၀နာရီအထိ လျှပ်စစ်မီးပေးနိုင်မည်ဖြစ်သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် ဝက်လက်မြို့နယ် ဖိုးဝင်းတပ်ကျေးရွာ ရှုံကြယ်-စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်၍ အလှူရှင်နှင့်အတူ စာကြည့်တိုက်ကို ဖွင့်လှစ်ပေးပြီး ဂျာနယ်မျိုးစုံနှင့် မဂ္ဂဇင်းများ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ယနေ့ဖွင့်လှစ်သော ရှုံကြယ်စာကြည့်တိုက်ကိုသီတဂူကြယ်တစ်ပွင့် ဆရာတော် ဘဒ္ဒန္တပညာနန္ဒက ငွေကျပ် သိန်း ၄၀ အကုန်အကျခံ တည်ဆောက်လှူဒါန်းခြင်းဖြစ်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် သာလိုင်းကျေးရွာ မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်ရန် ဆရာတော် အရှင်ပညာနန္ဒ၏ မတည်လှူဒါန်းငွေကျပ် ၁၀သိန်းကို အလှူရှင်ကိုယ်စား ဗဟိုအလုပ်အမှုဆောင်က တာဝန်ရှိသူများထံ ပေးလှူပြီး ရှုံကြယ်စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ကျင်းပသော ဘောလုံးပြိုင်ပွဲကို ကြည့်ရှုအားပေးကာ ယှဉ်ပြိုင်ကစားခဲ့ကြသော ရှိမ်းမကားနှင့် တပ်ရွာကျေးရွာအသင်းတို့အား ဆုငွေနှင့် ဆုများချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# လောက်ကိုင်မြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်ကျောင်း သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် မတ် ၇**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန လောက်ကိုင်မြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်ကျောင်း သင်တန်းအမှတ်စဉ်(၂/၂၀၀၇) ဖွင့်ပွဲအခမ်းအနားကို မတ် ၅ရက် နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်း၊ လောက်ကိုင်တပ်နယ်မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်အထူးဒေသ(၁)မှတိုင်းရင်းသားခေါင်းဆောင်များ၊ မြို့မိမြို့ဖများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်း ဖွင့်လှစ်ပေးသည်။

ထို့နောက်ဧည့်သည်တော်များသည် အလုပ်ရုံခန်းမအတွင်းသင်တန်းသားများ လက်တွေ့လေ့ကျင့်နေမှုအား ကြည့်ရှုအားပေးကြသည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်ကျောင်းကို နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာရပ်များ တတ်မြောက်၍ ထိုပညာရပ်များဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် လူနေမှုဘဝမြင့်မားလာစေရန်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့သည်။

အဆိုပါ အခြေခံအဆောက်အအုံ သင်တန်းသို့ သင်တန်းသား ၁၀ ဦး၊ လျှပ်စစ်နှင့် ဂဟေသင်တန်းသို့ သင်တန်းသား ၁၀ ဦး၊ မော်တော်ယာဉ်စက်ပြင်သင်တန်းသို့ သင်တန်းသား ၁၀ ဦး စုစုပေါင်း သင်တန်းသား ၃၀ တက်ရောက်ကြသည်။

သင်တန်းကာလမှာ ရက်သတ္တ ၂၄ပတ်ကြာမြင့်ပြီး သင်တန်းကာလအတွင်း လိုအပ်သောသင်ထောက်ကူပစ္စည်းများနှင့် သင်တန်းသားများ နေထိုင်စားသောက်ရေးတို့ အခမဲ့ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

### ထူးခြားသည့် နေ့အပူချိန်များ

(၇-၃-၂၀၀၇)

**အောင်လံ**

၄၀ ဒီဂရီ စင်တီဂရိတ်
(၁၀၄ ဒီဂရီဖာရင်ဟိုက်)

**ရန်ကုန်**

၃၆ ဒီဂရီစင်တီဂရိတ်
(၉၇ ဒီဂရီဖာရင်ဟိုက်)

### ❒ မျိုးဗီဇမှ

မျိုးဗီဇ ပြုပြင်ထားသောသီးနှံများ၊ လူသားတို့နေ့စဉ်စားသုံးသော အစားအစာနှင့် ရောနှောသွားသောအခါ လူ့ကျန်းမာရေးကိုအန္တရာယ်ပြုနိုင်သည်။ ဆေးဝါးအဖြစ်သုံးသော အပင်များစိုက်ပျိုးခြင်းနှင့် မျိုးဗီဇပြုပြင်ထားသောအပင်များ စိုက်ပျိုးမှု မရောထွေးသင့်၊ ထိုမျိုးဗီဇပြုပြင်ထားသော သီးနှံပင်များကြောင့် လူအများဒုက္ခရောက်လျှင် ယင်းအပင်ကို စိုက်ပျိုးသောကုမ္ပဏီကတာဝန်ယူရမည်စသည်ဖြင့် ဝေဖန်သံအမျိုးမျိုးထွက်ပေါ်လာသည်။

လောလောဆယ်ထုတ်လုပ်ထားသည့် မျိုးဗီဇပြုပြင်ထားသည့် ဆန်တွင် လူ၏ခန္ဓာမှရသော လက်တိုဖာရင်ဓာတ်နှင့် လိုင်ဆိုဇိုင်းဓာတ်ပစ္စည်းများပါဝင်သည်ဟုဆိုသည်။ ယင်းဓာတ်ပစ္စည်းများသည် နို့နှင့်တံတွေးတွင်ပါရှိသည်။ ယင်းသည် ဘက်တီးရီးယားပိုးများကို ဖျက်ဆီးပစ်နိုင်သော သတ္တိရှိကြောင်း သိရသည်။ **အင်တာနက်။**

# အဘိဓမ္မာပြန့်ပွားရေးအသင်း၏ သြဝါဒပူဇော်ပွဲ

**ရန်ကုန် မတ် ၇**

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၄၇)ကြိမ်မြောက် သြဝါဒါစရိယ ဆရာတော်ကြီးများအား ပူဇော်ကန်တော့ပွဲနှင့် အဘိဓမ္မာသင်တန်းပြဆရာကြီး၊ဆရာမကြီးများအားဂုဏ်ပြုပွဲကို မတ် ၁၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မရတနာဃရ အဘိဓမ္မာဓမ္မဗိမာန်တော်ကြီး၌ကျင်းပမည်ဖြစ်၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းသား၊ အသင်းသူများ ကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

## ၈-၃-၂၀၀၇ (ကြာသပတေးနေ့ )

**နံနက်ပိုင်း**

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၅ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၁၀ ၆။ အရေးပြိုင်ပွဲ
၈:၂၀ ၇။ အကပဒေသာ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let's Go.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use
၄:၄၅ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၅ခုနှစ်)
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (အရှေ့တိုင်းပညာအထူးပြု) (အရှေ့တိုင်းပညာ)
၅:၁၀ ၆။ တေးဂီတအစီအစဉ်
၅:၂၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၃၀ ၈။ **“အနိုင်အရှုံး” (ပိစိ၊ ကောင်းမြတ်) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)**
၅:၃၅ ၉။ တေးဂီတအစီအစဉ်
၅:၄၅ ၁၀။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ သီရိဂေဟာ
၇:၀၀ ၁၄။ Discovery
၇:၁၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ “သစ်ရွက်လေး၏ရင်ခုန်သံ” (အပိုင်း-၄)**
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အကြင်နာရွှေဦး”(အပိုင်း-၁၈)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

## ကြေးမုံ The Mirror ပြည်တွင်းသတင်းမှတ်စု

### တပ်မတော်နေ့အကြို ကျပန်းစကားပြောပြိုင်

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ပြည်နယ်အဆင့် ကျပန်းစကားပြောပြိုင်ပွဲကို တောင်ကြီးမြို့ မြို့တော်ခန်းမတွင် မတ် ၆ရက်က ကျင်းပရာ အခြေခံပညာကျောင်းသား၊ ကျောင်းသူ ၁၉ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြည်နယ်အသင်း အတွင်းရေးမှူး ဦးဉာဏ်လင်းနှင့် အသင်းဝင်များ တက်ရောက်အားပေးချီးမြှင့်ခဲ့ကြသည်။

### နွေရာသီယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်မည်

ပထမတန်းမှ နဝမတန်းဖြေဆိုပြီးသော ကျောင်းသား၊ ကျောင်းသူများအတွက် နွေရာသီဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကို ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်(အလယ်ပစ္စယာ)အနီး ရှင်သာမဏေမွေ့ဗိမာန်၌ သာသနာ့ဝန်ဆောင်အဖွဲ့က ကြီးမှူး၍ မတ် ၁၇ရက်မှ ၂၅ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းကို နံနက် ၇နာရီခွဲမှ ၁၁နာရီခွဲအထိ အတန်းသုံးတန်းခွဲ၍ ပို့ချမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများအတွက် အုပ်ထိန်းသူများသည် ဖုန်း-၃၈၇၃၆၁သို့ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် သင်တန်းသားများအတွက် အာဟာရဒါန လှူဒါန်းနိုင်ကြောင်းလည်း သိရသည်။

### ဓမ္မာရုံနှစ်ထပ်ဆောင်ဆောက်လုပ်ရန် ငွေလှူ

ရန်ကုန်မြို့ ဗဟန်း မဟာစည်သာသနာ့ရိပ်သာလမ်း အမှတ်(၁၆) ဟိတေသီအဖွဲ့တွင် ဆည့်ခံဓမ္မာရုံ နှစ်ထပ်ဆောင် ဆောက်လုပ်ရန်အတွက် အလှူငွေများလှူဒါန်းလျက်ရှိရာ ဗုဒ္ဓဘာသာနုဂ္ဂဟအဖွဲ့ချုပ်မှ အမှုဆောင် ဦးသိန်းထိုက်ဦးမိသားစုက နှစ်ထပ်ဓမ္မာရုံအတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာအဖွဲ့ဥက္ကဋ္ဌ ဦးကျော်၊ အတွင်းရေးမှူး ဦးတင်ရွှေနှင့် ဘဏ္ဍာရေးမှူး ဦးတင့်ဆွေတို့က လက်ခံပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ခဲ့ကြကြောင်းသိရသည်။

### ခါနွေဦး အခြေခံမီးသတ်သင်တန်းဖွင့်လှစ်

မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူး၍ ခါနွေဦး အခြေခံမီးသတ်သင်တန်းဖွင့်ပွဲကို မတ် ၂ရက် ညနေ ၆နာရီတွင် စိတ္တရမဟီရပ်ကွက်ရှိ ဆုတောင်းရာဘုရားဓမ္မာရုံ၌ ကျင်းပရာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိန်မြင့်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး မန္တလေးတိုင်း မီးသတ်ဦးစီး ဌာနမှူး ရဲကျော်စွာဝင်းမြင့်က သင်တန်းဖွင့်လှစ်ရခြင်း အကြောင်း ပြောကြား သည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ရပ်ကွက် ၂၀မှ သင်တန်းသား ၁၀၀တက်ရောက်ကြပြီး သင်တန်းကို မတ် ၁၀ရက်ထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)



မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာတော်သင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် ရန်ကုန်မြို့၊ တောင်ဥက္ကလာပ၊ သံသုမာလမ်း၊ ဓီဇဝါကွန်ဒိုနေ ဦးကိုကို မိသားစုက မွေးနေ့အထိမ်းအမှတ်အဖြစ် အမေရိကန်ဒေါ်လာ ၁၀၀ကို အတွင်းရေးမှူးဆရာတော် အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး) ရှေ့မှောက်၌ လှူဒါန်းရာ အကျိုးတော်ဆောင် ပြန်ကြားရေးမှူး ဒေါက်တာယဉ်မင်းဦး(ခ) ဒေါက်တာ နိုက်တင်ဂေးလ် လက်ခံယူစဉ်။ (က-ပ)

## ကုန်သည်/စက်မှုအသင်းချုပ် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၇

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ အဆောက်အအုံသစ် UMFCCI Office Towerဖွင့်ပွဲကို မတ် ၁၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI Office Tower ၌ လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၏ (၁၆) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် UMFCCI Office Tower ရှိ မင်္ဂလာခန်းမ၌လည်းကောင်း ကျင်းပမည် ဖြစ်သည်။

နှစ်ပတ်လည်အစည်းအဝေးနှင့်အတူ ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ၊ ဆွေးနွေးပွဲနှင့် ကုန်စည်ပြပွဲများကိုပါ ကျင်းပသွားမည်ဖြစ်သည်။ နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးသို့ အသင်းဝင်များ မပျက်မကွက် တက်ရောက်ကြပါရန် အလုပ်အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဘဒ္ဒန္တ ကုဏ္ဍဓိဘာသအား ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၇)ဖြင့် သဒ္ဓမ္မဇောတိက ဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည့် ရန်ကုန်တိုင်း ဒဂုံမြို့နယ် သံဃနာယကအဖွဲ့ဝင် ကျားကူး ဓမ္မဗိမာန်စာသင်တိုက် စာချ ဂဏဝါစက ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍဓိဘာသအား တပည့်ဒါယကာ ဒါယိကာမများက ဂုဏ်ပြုပူဇော်ပွဲကို ၁၃၆၈ခုနှစ် တပေါင်းလပြည့်ကျော် ၉ရက်၊ (မတ် ၁၁ ရက်) မွန်းလွဲ ၁နာရီတွင် အဆိုပါစာသင်တိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်းက မော်လမြိုင် တတိယ လက်ရည်စစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမရရှိသော ဇော်နိုင်အား ဆုချီးမြှင့်စဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)



## ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၇

မြန်မာဂေါက်သီးရိုက် အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd.က အဓိကကူညီ ပံ့ပိုးသော ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ တတိယ လက်ရည်စစ်ပြိုင်ပွဲ ဒုတိယနေ့ (၁၈) ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၆ ရက် ညနေပိုင်းတွင် မော်လမြိုင်မြို့ ငန်းတေးဂေါက်ကလပ်၌ ကျင်းပရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်း တက်ရောက်၍ ဆုများကို ပေးအပ် ချီးမြှင့်သည်။

ပြိုင်ပွဲ၏ ဒုတိယနေ့ (၁၈)ကျင်း ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပရာ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်

GRAND ROYAL SPECIAL RESERVE Golf Championship

ဇော်မင်းက ပြိုင်ပွဲတွင် Nett Total ၁၄၀ဖြင့် ပထမရရှိသော ဇော်နိုင်အား Trophy ဆုနှင့် ရွှေပြားဆုကို ပေးအပ်ချီးမြှင့်ပြီး Nett Total ၁၄၁ ချက်ဖြင့် ဒုတိယရရှိသော ဇာလီအားဆုများကို ပေးအပ်ချီးမြှင့်သည်။

### ပေးအပ်ချီးမြှင့်

ဆက်လက်၍ အရှေ့တောင်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးမျိုးအောင်ငွေးက Nett Total ၁၄၁ ချက်ဖြင့် တတိယရရှိသော လှဝင်း၊ Nett Total ၁၄၂ ချက်ဖြင့် စတုတ္ထရရှိသော စိုးဦးနှင့် Nett Total ၁၄၃ ချက်ဖြင့် ပဉ္စမရရှိသော ထွန်းရှမ်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်းက နှစ်သိမ့်ဆု ရရှိကြသော ပထမမှ စတုတ္ထအထိ လည်းကောင်း၊ MPGA နှင့် MGF အမှုဆောင် ဦးကိုကိုလေးက နှစ်သိမ့်ဆုရရှိကြသော ပဉ္စမမှ ဆဋ္ဌမအထိ လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် IBTCမှ Design and Development ဒါရိုက်တာ ဦးတင့်ဦးက Putting Challeng ပြိုင်ပွဲတွင် အနိုင်ရရှိသော စိုးလွင်အား လည်းကောင်း၊ ၃၀၅ ကိုက်ဖြင့် Longest Drive ဆုရရှိသော စိုးနိုင်အား လည်းကောင်း၊ ၁၀ ပေဖြင့် Nearest to the Pin ဆုရရှိသော ဇော်မင်းအေးအား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ပြီး IBTC မှ ချီးမြှင့်သော အမှတ်တရ ဂုဏ်ပြုလက်ဆောင်ကို ပေးအပ်ရာ ငန်းတေးဂေါက်ကလပ် ဒုတိယဥက္ကဋ္ဌ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းတင်စိုးက လက်ခံသည်။

ယင်းပြိုင်ပွဲ၏ Main Sponsorမှာ International Beverages Trading Co., Ltd. ဖြစ်၍ Co-Sponsors များအဖြစ် Air Mandalay, Hotel Nikko, Srixonနှင့် Alpine တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြပြီး မော်လမြိုင် တတိယလက်ရည်စစ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized By Han Event Managementက တာဝန်ယူ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု စာအုပ်စာတမ်းများနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် မတ် ၇

**မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏စီစဉ်မှုဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု စာအုပ်စာတမ်းများလှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ရက် နံနက် ၈နာရီတွင် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

ယင်းနောက် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု စာအုပ်စာတမ်းများ လှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းထံ အလှူရှင်များဖြစ်ကြသည့် 'ဂန္ဓာဦး'ဆောက်လုပ်ရေးလုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဝင်းနိုင်-ဒေါ်သီသီလွင်မိသားစုက ငွေကျပ်သိန်း ၃၀၊ မြို့နယ် မော်တော်ယာဉ် ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးသန်းရှိန်က ငွေကျပ် သိန်း ၂၀၊ မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်နေ ရွှင်လန်းမွေ့ရာထုတ်လုပ်ရေးလုပ်ငန်းမှ ဦးကျော်စိုး-ဒေါ်ဌေးဌေး မိသားစုက ငွေကျပ် ၁၀သိန်း၊ ပညာရွှေစင်ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှ စီမံခန့်ခွဲမှု ဒါရိုက်တာ ဦးအောင်ဝင်းနိုင်က ငွေကျပ် ငါးသိန်း စုစုပေါင်းငွေကျပ် ၆၅သိန်းနှင့် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းထံ ဆရာကြီးဦးကံချွန် (ဘောဂဗေဒ)၊ 'ရွှေကံ့ကော်' ပညာရေးဝန်ဆောင်မှုလုပ်ငန်း၊ ဦးညွှန့်ဦး-ဒေါ်ခင်ဝင်း (စန္ဒာညွှန့်စာပေတိုက်)နှင့် ခေတ်သစ်စာပေတိုက်တို့မှ ငွေကျပ် ၂၅သိန်းတန်ဖိုးရှိ အထောက်အကူပြု စာအုပ်စာတမ်းများကို ပေးအပ် လှူဒါန်းကြသည်။

### တွေ့ဆုံနှုတ်ဆက်

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းသည် အလှူရှင်များနှင့် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်မြင့်မားရေး ပညာပေးဟောပြောပွဲများကို ပြည်နယ်အတွင်း မြို့နယ်များရှိ အခြေခံပညာ အထက်တန်းကျောင်းများ၌ ဖေဖော်ဝါရီ ၂၂ရက်မှ စတင်ကာဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကျောက်တန်းမြို့နယ်အသင်း အစည်းအဝေး

ရန်ကုန် မတ် ၇

ကျောက်တန်းမြို့နယ် အသင်း၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက် လက်ဝဲမင်းဒင်လမ်းရှိ အသင်းဓမ္မာရုံ၌ မတ် ၃၁ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

အသက် (၇၅)နှစ်ပြည့်ပြီးသူ အသင်းဝင်များ၊ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဂုဏ်ထူးရ အသင်းဝင်သားသမီးများ၊ ကျောက်တန်းမြို့နယ် ကျောင်းပေါင်းစုံမှ တက္ကသိုလ်ဝင် စာမေးပွဲ၌ သုံးဘာသာနှင့်အထက် ဂုဏ်ထူးရ ကျောင်းသားများသည် မတ် ၂၅ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဒေါက်တာ ဦးစိုးတင် ဖုန်း-၆၀၀၁၅၄၊ အတွင်းရေးမှူး ဦးစိုးမြင့် ဖုန်း-၂၉၈၃၄၉ နှင့် ဦးချစ်ဆွေ ဖုန်း-၀၅၆-၂၅၂၇၆ တို့ထံ အထောက်အထားအပြည့်အစုံဖြင့် ပေးပို့ဆက်သွယ်ကြရန်နှင့် မြို့နယ်သူ၊ မြို့နယ်သားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် နှိုးဆော်ထားသည်။ (က-ပ)

# နိုင်ငံတော်နှင့်နိုင်ငံသားများ ချမ်းသာကြွယ်ဝရေး၊ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ဖြစ်ပေါ်ရေး အစီအစဉ်ရှိရှိ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် နိုင်ငံတစ်ဝန်းလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်

နေပြည်တော် မတ် ၇

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် မတ် ၅ ရက် မွန်းလွဲပိုင်းတွင် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့်အတူ ပဲခူးတိုင်း ကညွတ်ကွင်းမြို့သို့ ရောက်ရှိပြီး ငါးထပ်ကြီးမြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကြသည်။**

ထို့နောက် အထွေထွေအတွင်းရေးမှူးသည် ကိုးခန်းသာသနာ့ဗိမာန်တော်ကြီး၌ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကညွတ်ကွင်းမြို့ ပညာရည်မြင့်တင်ရေးကော်မတီဝင်များ၊ တောင်သူလယ်သမားများ၊ ပြည်သူ့လူထုများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ ဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် အထွေထွေအတွင်းရေးမှူးက အမှာစကားပြောကြားရာ၌ နိုင်ငံတော်ကြီးကို ပြည်သူများလိုလားတောင့်တနေကြသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူတို့ ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ ချမ်းသာကြွယ်ဝရေး၊ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ဖြစ်ပေါ်စေရေးအတွက်လည်း အစီအစဉ်ရှိရှိ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ကညွတ်ကွင်းနယ်မြေအပါအဝင် နိုင်ငံတစ်ဝန်းလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့်လည်း အခြားသော လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဒေသတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် ရှင်းလင်းဆွေးနွေးမှာကြားသည်။

ထို့နောက် တောင်သူလယ်သမားများ၊ ရပ်မိရပ်ဖများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး၊ ပညာရည်မြင့်မားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်ပြကြရာ အထွေထွေအတွင်းရေးမှူးက ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးက ကညွတ်ကွင်း အခြေခံပညာအထက်တန်းကျောင်း၌ ပဥ္စမတန်းမှ ဒသမတန်းအထိ တက်ရောက်သင်ကြားနေသူများအတွက် ကျောင်းသုံးစာအုပ်များကို ပေးအပ်လှူဒါန်းရာ ပညာရေးကော်မတီက လက်ခံယူသည်။

ဆက်လက်၍ ကညွတ်ကွင်းနှင့် ဖြူးမြို့တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ကြက်ခြေနီ၊ မီးသတ်အဖွဲ့များက ကျောင်းသုံးစာအုပ်များ ပေးအပ်လှူဒါန်းကြရာ ပညာရေးကော်မတီက လက်ခံယူသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူးသည် အသင်းဝင်များနှင့်အတူ သီရိရတနာရွာလယ်ကျောင်းတိုက် တိုက်အုပ်ဆရာတော်နှင့် ပြုပြင်ပြီး စေတီတော်များအား ဖူးမြော်ကြည်ညိုကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# သွေးလွန်တုပ်ကွေးကာကွယ်တားဆီးရေး လူထုလှုပ်ရှားဆောင်ရွက်မှု မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုအားပေး



**မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက် ရတနာမြိုင်လမ်း၌ ပြုလုပ်သော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်နေပြည်သူများအား ရင်းနှီးစွာ နှုတ်ဆက်စဉ်။** (မြို့တော်စည်ပင်)

ရန်ကုန် မတ် ၇

**ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်၌ ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေးအားပေးသည်။**

ရှေးဦးစွာ မြို့တော်ဝန်အား မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ တာဝန်ရှိသူတို့က သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှုနှင့်ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ မြို့တော်ဝန်က သွေးလွန်တုပ်ကွေးရောဂါ ကင်းစင်မှုရှိစေရေးအတွက် သန့်ရှင်းရေးနှင့် ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများသည် ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ ထန်းတပင်လမ်း အောင်ချမ်းသာဓမ္မာရုံ၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး အသိပညာပေးဟောပြောနေမှုနှင့် ရတနာမြိုင်လမ်း၌ ပြည်သူများစုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ ပညာပေးသရုပ်ပြသခြင်း၊ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အလားတူ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုကို မရမ်းကုန်း၊ တာမွေ၊ မြောက်ဥက္ကလာပ၊ ရန်ကင်း၊ ဗိုလ်တထောင်၊ ဒလ၊ လှိုင်သာယာ၊ လှိုင်၊ ရွှေပြည်သာ၊ ဒဂုံ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အလုံနှင့် လမ်းမတော်မြို့နယ်တို့၌ ယနေ့နံနက်ပိုင်းတွင် တစ်ပြိုင်တည်း ပြုလုပ်ခဲ့ကြကြောင်းသိရသည်။

ယင်းနောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် လှိုင်မြို့နယ် (၁၃) ရပ်ကွက် ပန်းခြံကျောင်းလမ်း၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက ဆောင်ရွက်လျက်ရှိသော ဘောလုံးကွင်းနှင့် ကလေးအားကစားကွင်း တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဆီစားသုံးမှု သတိပေးတားမြစ်ချက်ထုတ်ပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

**ဆီစားသုံးမှု သတိပေးတားမြစ်ချက်**

(၂၀၀၇ ခုနှစ်၊ မတ်လ ၅ ရက်)

**၁။ နိုင်ငံတော်သည် လူမှုရေးဦးတည်ချက်(၄)ရပ်တွင်ပါဝင်သော တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။**

**၂။ နိုင်ငံတော်သည် အထက်ပါကျန်းမာရေးဦးတည်ချက်နှင့်အညီ အမျိုးသားအစားအသောက် ဥပဒေကိုပြဋ္ဌာန်း၍ အများပြည်သူတို့၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါသည်။**

**၃။ ယခုအခါ အများပြည်သူစားသောက်လျက်ရှိသော စားသုံးဆီအချို့တွင် ဝိသမစီးပွားရေးသမားအချို့က လူကိုဥပဒ်ဖြစ်စေနိုင်သော ကုန်ကြမ်းဆီနှင့် အခြားမသင့်လျော်သောဆီများကို ရောနှော၍ ရောင်းချလျက်ရှိပါကြောင်း တွေ့ရှိရပါသည်။**

**၄။ ထိုသို့စားသုံးရန် မသင့်သောစားသုံးဆီများကို စားသုံးမိသော ပြည်သူအချို့မှာ ကျန်းမာရေးကိုထိခိုက်ပြီး နှလုံးရောဂါ၊ အသည်းရောဂါ၊ ကင်ဆာရောဂါ၊ အဝလွန်ခြင်းရောဂါ အစရှိသည်တို့ ပိုမိုများပြားလာကြောင်း လေ့လာတွေ့ရှိရပါသည်။**

**၅။ ကျန်းမာရေးရှုထောင့်အရလေ့လာပါက ဆီစားသုံးခြင်းနှင့် မသင့်လျော်သောဆီများ စားသုံးမိခြင်းဖြင့် ပြည်သူများ၏ကျန်းမာရေးကို ထိခိုက်နိုင်ပါ၍ ဆီစားသုံးမှုကို လျှော့ပေါ့ကြရန်ဖြစ်ပါသည်။**

**၆။ သို့ပါ၍ ပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော စားသုံးဆီများကိုပြုလုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းပြုလုပ်ကြောင်း စစ်ဆေးတွေ့ရှိရပါက ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း သတိပေးတားမြစ်လိုက်သည်။**

**ကျန်းမာရေးဝန်ကြီးဌာန**

# မြေတိုင်းပစ္စည်းများ မိတ်ဆက်ရှင်းလင်းပွဲကျင်းပ

**ရန်ကုန် မတ် ၇**

Topcon South Asia Pte .Ltd နှင့် Concordia International Co. Ltd. တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဂျပန်နိုင်ငံလုပ် နည်းပညာအရည်အသွေးမြင့် Topcon အမှတ်တံဆိပ် မြေတိုင်းပစ္စည်းများ (Surveying Instruments) နှင့် စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ Concordia International Co. Ltd. မှ Sales Managing ဦးညီညီမင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် Topcon South Asia Pte .Ltd မှ Regional Support Engineer, Mr. Micheal Goh က Topcon အမှတ်တံဆိပ် မြေတိုင်းပစ္စည်းများ၏ အဆင့်မြင့်နည်းပညာများ အကြောင်း၊ မြေတိုင်းတာရေးလုပ်ငန်းမျိုးစုံကို တိကျသော တိုင်းတာရေးအဖြေများရရှိအောင် တိုင်းတာနိုင်သည့် နည်းစနစ်များအကြောင်းကို ရှင်းလင်းပြောကြားပြီး Topcon Imaging Total Station GPT-7000i နှင့် PI-3000 Software အသုံးပြု၍ အရာဝတ္ထုများကို 3D View ပုံဖော်အောင် တိုင်းတာမှုနည်းစနစ်များကို လက်တွေ့တိုင်းတာပြသသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့် နည်းပညာ အရည်အသွေးမြင့် Topcon Surveying Instruments များကို လှည့်လည်ကြည့်ရှုပြီး မေးမြန်းချက်များကို တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

Topcon Imaging Total Station GPT-7000i စက်၏ အားသာချက်မှာ ရိုးရိုး Total Station များတွင် မပါရှိသော CCTV Camera ပါရှိခြင်းကြောင့် မိမိတိုင်းတာခဲ့သော အမှတ်များကို တိုင်းတာမှု ပြုလုပ်နေစဉ်အတွင်း စစ်ဆေးကြည့်ရှုနိုင်ခြင်း၊ ကွန်တိုမျဉ်းများကို လျင်မြန်စွာ ရေးဆွဲနိုင်ခြင်း၊ အရာဝတ္ထုများ၏ ပုံသဏ္ဌာန်၊ ထုထည်များကို 3D View ဖြင့် ပုံဖော်ကြည့်ရှုနိုင်သည့်အပြင် အချိန်ကုန်သက်သာပြီး ပိုမို၍ တိကျသော တိုင်းတာမှု အဖြေများကိုရရှိနိုင်ပြီး အသုံးပြုသူများ စိတ်ကျေနပ်မှုရရှိစေရန် ထိရောက်မြန်ဆန်သော ထောက်ပံ့မှုများနှင့် ပစ္စည်းဝယ်ယူပြီးနောက်ပိုင်း၌လည်း ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန် စီစဉ်ထားသည်။

Topcon အမှတ်တံဆိပ် မြေတိုင်းပစ္စည်းများနှင့် ပတ်သက်၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း ရွှေဂုံပလာဇာ ဖုန်း ၀၉-၅၀၀ ၅၉၁၂၊ ၅၄၄၁၉၉၊ ၅၄၄၈၂၄၊ ၅၅၈၃၈၆ နှင့် ၅၅၈၄၃၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ (သတင်းစဉ်)

**Topcon South Aisa Pte Ltd. မှ Regional Suppost Engineer, Mr.Micheal Goh က Topcon အမှတ်တံဆိပ်မြေတိုင်းပစ္စည်းများနှင့် စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းစဉ်။** (သတင်းစဉ်)







ဦးကျင်စန်း-ဒေါ်တင်ကြည်တို့အား အမှူးထား၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၁၁)လမ်းနေ ဒေါက်တာချယ်ရီမိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် ငွေကျပ် ၁၀သိန်းကို ရွှေစင် တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက မြင်းခြံဆရာတော် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

## စေတီတော်တည်ရေး လှူဒါန်းနိုင်

**ရန်ကုန် မတ် ၇**

မန္တလေးတိုင်း တောင်သာမြို့နယ် ကန်မြဲအုပ်စု ကန်အေးကျေးရွာ ကန်အေးကျောင်းတိုက်၌ တည်ထားကိုးကွယ်ပူဇော်မည့် စိတ်ကြိုက်တော်ပြည့် စေတီတော်မြတ်ကြီး တည်ဆောက်လျက်ရှိရာ အလှူရှင်များသည် တောင်သာမြို့နယ် ကန်အေးကျေးရွာ ကန်အေးကျောင်း ဦးကောဏ္ဍည ဖုန်း-၀၆၆-၇၀၄၅၂နှင့် ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ကျောင်းတိုက် ဘဒ္ဒန္တ ဝိစိတ္တ ဖုန်း-၃၇၀၉၆၁ တို့သို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားသည်။

(၂၃)

## စိန်ရတုမွေးနေ့ပူဇာသဘင်

**ရန်ကုန် မတ် ၇**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက် ဓမ္မရိပ်သာလမ်း တောတိုက်ဓမ္မရိပ်သာ ကျောင်းတိုက်များ၏ ဦးစီးပဓာန မဟာနာယက နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော်ရှင် ဆရာတော် ဘဒ္ဒန္တ ဓမ္မသာရ မဟာထေရ်၏ သက်တော် (၇၅)နှစ်ပြည့် စိန်ရတု မွေးနေ့ပူဇာ မင်္ဂလာကို မတ် ၁၇ရက်(စနေနေ့)တွင် တပည့် ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ကျင်းပပူဇော်မည် ဖြစ်သည်။ အကြို ဓမ္မသဘင်အဖြစ် မတ် ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာ ဘိဝံသ(ယော)ဆရာတော်၊ ပိဋကတ် တစ်ပုံခွဲဆောင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ခေမာသိရီလင်္ကာရ(သီတဂူကြာတစ်ပွင့်) ဆရာတော်နှင့် အဂ္ဂမဟာပဏ္ဍိတ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ မဟာစည်နာယက ဘဒ္ဒန္တ ဝါသဝ (မြစ်သား) ဆရာတော်တို့က ညစဉ် ၇နာရီမှစ၍ တရားတော်များဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)



ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းမ မင်းကွန်းဓမ္မရောင်ခြည်စာသင်တိုက် နှစ်ထပ်ဆွမ်းစားဆောင်အတွက် အလုံမြို့နယ်နေ အလှူရှင် ဦးမြင့်ဆွေ-ဒေါ်ခင်မြင့် မိသားစုက ဆရာတော် ဘဒ္ဒန္တ အတုလ(သာသနဓဇ ဓမ္မာစရိယ ဝိနယဓရ ဝိနယဝိဒူ ဉဘတော ဝိဘင်္ဂကောဝိဒ)ထံ ငွေကျပ်ငါးသိန်း ဆက်ကပ်လှူဒါန်းစဉ်။ (၅၃၂)

## ရပ်ကွက်၊ ကျေးရွာပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ

**ရန်ကုန် မတ် ၇**

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့နယ် ပိုက်ကျော်ခြင်း ဆပ်ကော်မတီမှ ကြီးမှူးကျင်းပသည့် တောင်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်၊ကျေးရွာပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို မတ် ၄ ရက်က တောင်ကြီးမြို့ ပြည်နယ် မိုးလုံလေလုံ အားကစားရုံတွင် ကျင်းပသည်။

ပြိုင်ပွဲတွင် ပထမ လမ်းမတော်ရပ်ကွက်အသင်း၊ ဒုတိယ ရတနာသီရိ ရပ်ကွက်အသင်းနှင့် တတိယ စဉ့်ဟယ် ကျေးရွာအသင်းတို့က ဆွတ်ခူးရရှိသွားကြသည်။

ဆုကြေးများအဖြစ် ပထမဆု ကျပ်တစ်သိန်းနှင့် ဆုဖလား၊ ဒုတိယဆု ကျပ် ခုနစ်သောင်းနှင့် ဆုဖလား၊ တတိယဆု ကျပ် ငါးသောင်းနှင့် ဆုဖလား၊ အကောင်းဆုံးအားကစားသမားဆု ကျပ်တစ်သောင်း ငါးထောင်နှင့် ဆုဖလားတို့ ပေးအပ်ချီးမြှင့်သည်။ ဆုရရှိသည့် အသင်းများအား တောင်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာ၊ အတွင်းရေးမှူး ဦးမြင့်သိန်း၊ တောင်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဒုတိယရဲမှူး ဦးခင်မောင်သန်းနှင့် တောင်ကြီးမြို့နယ် ပိုက်ကျော်ခြင်းဆပ်ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ညွန့် (တော်ဝင်ဖိနပ်ဆိုင်)နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ပြိုင်ပွဲကို မတ်၁ရက်မှ ၄ရက်အထိ ကျင်းပခဲ့ပြီး အသင်းပေါင်း ၂၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

(ကြေးမုံ)



တောင်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာ ပထမဆုရ လမ်းမတော်ရပ်ကွက်အသင်းအား တံခွန်စိုက် ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။ (ကြေးမုံ)

## နွေရာသီ ရေကူးသင်တန်းဖွင့်မည်

**ရန်ကုန် မတ် ၇**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ရန်ကုန်ရေကူးအသင်း (၂/၂၀၀၇) နွေရာသီ အထူးရေကူးသင်တန်းကို ဧပြီ ၂၈ ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်း အမျိုးသားရေကူးကန်၌ အမျိုးသား၊ အမျိုးသမီး ခွဲခြားပြီး ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

သင်တန်းတွင် အနည်းဆုံး အခြေခံရေကူးနည်း နှစ်မျိုးတတ်မြောက်အောင် သင်ကြားပေးမည့်အပြင် လက်ရွေးစင်ရေကူးအားကစားသမားဖြစ်လာသည်အထိ တာဝန်ယူလေ့ကျင့်ပေးမည်ဖြစ်သည်။ ကလေးများအတွက် ကလေးရေကူးကန်တွင် သီးသန့်သင်ကြားပေးမည်ဖြစ်ရာ ရန်ကုန်ရေကူးအသင်း ဖုန်း-၃၇၈၅၅၀ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ (အား/ကာ)

## မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

## မီးကြွင်းမီးကျန် မရှိရန် ကျင့်ကြံသတိ အမြဲရှိ

## အင်တာနက် အားကစားသတင်းများ

# ဥရောပဖလားပွဲများတွင် လီဗာပူး၊ချယ်လ်ဆီး၊ ဗလင်စီယာနှင့် ရိုးမားအသင်းတို့ ဆီမီးဖိုင်နယ်တက်

**လီဗာပူး(အင်္ဂလန်) မတ် ၇**

ဥရောပဖလားချန်ပီယံပွဲကို အင်္ဂါနေ့က အင်ဖီးလ်ကွင်း၌ ဆက်လက်ကျင်းပရာ ဘာစီလိုနာအသင်းက လီဗာပူးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သော်လည်း ပျမ်းမျှဂိုးအရေအတွက်အရ လီဗာပူးအသင်းက အသာရသွားသဖြင့် ဘာစီလိုနာအသင်း ပြိုင်ပွဲမှထွက်သွားရသည်။

ယနေ့ပွဲတွင် ဘာစီလိုနာအတွက် တစ်လုံးတည်းသောဂိုးကို ပွဲကစားချိန် ၇၅မိနစ်အကြာတွင် ဂုဂျွန်ဆင်က သွင်းပေးခဲ့ခြင်းဖြစ်သည်။

### ယှဉ်ပြိုင်ကစား

လွန်ခဲ့သော သီတင်းနှစ်ပတ်က နောကင့်ကွင်းတို့၌ ယင်းနှစ်သင်းယှဉ်ပြိုင်ကစားကြစဉ် လီဗာပူးအသင်းက ဘာစီလိုနာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

### တက်ရောက်

ကျန်ပွဲစဉ်များ၌လည်း ချယ်လ်ဆီး၊ ဗလင်စီယာနှင့် ရိုးမားအသင်းတို့ အသီးသီးအနိုင်ရရှိကာ ဥရောပဖလား ဆီမီးဖိုင်နယ်ပွဲများသို့ အသီးသီးတက်ရောက်ခွင့် ရသွားပြီဖြစ်သည်။

**အင်တာနက်**



လီဗာပူးအသင်းမှ စတိဗ်ဖင်းနား သယ်လာသော ဘောလုံးကို ဘာစီလိုနာအသင်းမှ ရော်နယ်ဒင်ဟို ဖျက်ထုတ်စဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# တရုတ်ဘောလုံးသမားများ ကြံ့ခိုင်ပြီး သက်လုံကောင်းရန် အမဲသားနှင့် နွားနို့ပိုမိုစားသောက်သင့်ဟု အကြံပြု

**ပေကျင်း မတ် ၇**

အနောက်တိုင်းသား ဘောလုံးသမားများနှင့် တန်းတူညီတူကစားနိုင်ရေးအတွက် တရုတ်ဘောလုံးသမားများ အနေဖြင့် အမဲသားနှင့်နွားနို့ ပိုမိုစားသောက်ဖို့လိုအပ်သည်ဟု အားကစားသမားများဆိုင်ရာ အကြံပေးအဖွဲ့ကတင်ပြသည်။

### ပြောကြား

ပြီးခဲ့သောလက အသက်(၂၁)နှစ်အောက် လူငယ်များ ဘောလုံးပြိုင်ပွဲတွင် တရုတ်အသင်းနှင့် အင်္ဂလိပ် ရိန်းဂျားကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် တရုတ်အသင်း သက်လုံမကောင်းသည့်အဖြစ်ကို တွေ့ခဲ့ရသည်ဟု ဇီဝဗေဒပညာရှင် ဇန်ဇင်ရှီက ပြောကြားသည်။ ၎င်းသည် တရုတ်သိပ္ပံအကယ်ဒမီမှ သုတေသီတစ်ဦးဖြစ်သည်။

### ကြံ့ခိုင်မှုနှင့်သက်လုံအပိုင်း

အချိန် ၄၅မိနစ် နှစ်ကြိမ်ကစားရပြီး မီတာ ၁၀၀ပြေးသကဲ့သို့ အလျင်အမြန်ပြေးနေရသော ကစားပွဲမျိုးတွင် မိမိတို့တရုတ်ဘောလုံးသမားများ ခံနိုင်ရည်ရှိရန် လိုအပ်သည်။ မိမိတို့ကစားသမားများသည် ကျွမ်းကျင်မှုအရာ၌ အနေအထားကောင်းသော်လည်း ကြံ့ခိုင်မှုနှင့် သက်လုံကောင်းမှုအပိုင်းတွင် အားနည်းနေသည်။ ကြံ့ခိုင်မှုနှင့် သက်လုံကောင်း ရရှိအောင် မိမိတို့ဘောလုံးသမားများ စွမ်းဆောင်နိုင်မှသာ ကမ္ဘာ့အလယ်တွင် အဆင့်အတန်းမြင့်သော အနေအထား၌ ရောက်ရှိနိုင်မည် ဖြစ်ကြောင်း အကြံပေးအဖွဲ့က တင်ပြခဲ့သည်။ ***အင်တာနက်။***

# ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် မီးလောင်ကျွမ်းမှုများဖြစ်ပွား

**ရန်ကုန် မတ် ၇**

ရခိုင်ပြည်နယ် စစ်တွေခရိုင်မင်းပြားမြို့ အောက်ရွာပိုင်းရပ်ကွက် မင်းဘာကြီးရပ်နေ ဦးစောထွန်း၏ ဗီဒီယိုရုံ၌ မတ် ၆ရက် ည ၇နာရီခန့်တွင် မီးစက်မှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားရာ နေအိမ် ၃၈လုံး မီးလောင်ဆုံးရှုံးပြီး လူ ၃၀၀ကျော်ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။

### မီးလောင်ဆုံးရှုံး

မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် ၈၄လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား အောင်နန်းအနောက် အကွက်အမှတ် (၅၅)နေ ဦးစိန်ကျော်ဝင်း၏ နေအိမ်၌ မတ် ၇ရက် နံနက် ၅နာရီခွဲခန့်တွင် ဝါယာရှော့မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားရာ ဂိုဒေါင်တစ်လုံးနှင့်ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့သည်။

ပဲခူးတိုင်း ရေတာရှည်မြို့နယ် (၄)ရပ်ကွက် အောင်မြန်မာလမ်းရှိ ဦးတင်လှ၏ နေအိမ်၌ မတ် ၇ရက် နံနက် ၁နာရီခန့်တွင် မီးဖိုးမီးကြွင်းမီးကျန်မှ တစ်ဆင့် မီးလောင်မှုဖြစ်ပွားရာ နေအိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်သူများအနေဖြင့် မိမိပတ်ဝန်းကျင်ရှိ ငှက်နှင့်ကြက်များသေဆုံးမှုကို အထူးဂရုစိုက်ကြစေလို ရောဂါကြိုတင်ကာကွယ်ရေးအတွက် ဌာနဆိုင်ရာများနှင့် ပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

## ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေး တားဆီးကာကွယ်ထိန်းချုပ်ရေး အသိပညာပေးရှင်းလင်း

ရန်ကုန် မတ် ၇

**ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ တားဆီးကာကွယ်ထိန်းချုပ်ရေး အသိပညာပေးရှင်းလင်းပွဲကို ယမန်နေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားရာတွင် ကမ္ဘာပေါ်၌ ကြက်ငှက်တုပ်ကွေးရောဂါသည် ကြက်ငှက်တိရစ္ဆာန်များ၌သာမက လူများတွင်လည်း ကူးစက်ဖြစ်ပွားစေသည်ကို တွေ့ရှိရကြောင်း၊ ဆောင်းခိုရေပျော်ငှက်ရိုင်းများမှ သယ်ဆောင်လာသော ရောဂါပိုးများသည် ဒေသငှက်တိရစ္ဆာန်များဖြစ်သော ကျီးကန်း၊ ဗျိုင်းကွက်၊ ခို၊ စာကလေးများနှင့် ကြက်များသို့ ကူးစက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် မိမိပတ်ဝန်းကျင်ရှိ ခို၊ ကျီးကန်း၊ စာကလေး အစရှိသည့်ငှက်များနှင့် ကြက်များ သေဆုံးမှုကို အထူးဂရုစိုက်ကြစေလိုကြောင်းနှင့် ရောဂါကြိုတင်ကာကွယ်ရေးအတွက် ဌာနဆိုင်ရာများနှင့် ပြည်သူများက ကျန်းမာရေးသတိရှိစွာဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**



ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ တားဆီးကာကွယ်ထိန်းချုပ်ရေး အသိပညာပေးရှင်းလင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဝက်လက်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

နေပြည်တော် မတ် ၇

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မတ် ၄ ရက် နံနက်ပိုင်းတွင် ရွှေဘိုမြို့ ဆည်မြောင်းဧည့်ရိပ်သာ၌ စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်နှင့် ရွှေဘို၊ ကန့်ဘလူ၊ ရေဦး၊ ခင်ဦး၊ တန့်ဆည်၊ ဒီပဲယင်းမြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အမှုဆောင်များအားတွေ့ဆုံ၍ အသင်းကိစ္စရပ်များမှာကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် ဝက်လက်မြို့နယ်အသင်းရုံးခန်းမ၌ ကျင်းပသော နွေရာသီ လူငယ်သင်တန်းပေါင်းစုံဖွင့်ပွဲသို့ တက်ရောက်၍ **စာမျက်နှာ ၉ ကော်လံ ၁ သို့**




ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဝက်လက်မြို့နယ် နွေရာသီ လူငယ်သင်တန်းပေါင်းစုံဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## အင်တာနက်ကျန်းမာရေးသတင်း

# မျိုးဗီဇပြုပြင်ထားသောဆန် စီးပွားဖြစ်ထုတ်လုပ်ရန်ရှိ ဝမ်းပျက်သောလူနာများစားသုံးလျှင် နာလန်ထမြန်ဟုဆို

**ဝါရှင်တန် မတ် ၇**

မျိုးဗီဇပြုပြင်ထားသော စားသုံးသီးနှံ စိုက်ပျိုးထုတ်လုပ်ရေးကိစ္စသည် လိုလားသူပညာရှင်များနှင့် မလိုလားသူများအကြား အငြင်းပွားနေကြဆဲဖြစ်သည်။ ယခုအခါ မျိုးဗီဇပြုပြင်ထားသော နှံစားသီးနှံကို စိုက်ပျိုးခွင့်ပြု တော့မည်ဟူသည့်သတင်း ထွက်ပေါ်လာသည်။

သိပ္ပံဓာတ်ခွဲခန်းအတွင်းမှ သုတေသီများသည် လူသား၏နို့နှင့် တံတွေးတွင်ပါသော ပရိုတိန်းမျိုးဗီဇ ထည့်သွင်းပြုပြင်ထားသည့် ဆန်သစ်တစ်မျိုး ထုတ်လုပ်လိုက်နိုင်ပြီဖြစ်သည်။

### နာလန်ထမြန်စေနိုင်

၎င်းဆန်ကို ဝမ်းဖောဝမ်းရောင်ဖြစ်နေသောကလေးများအား စားသုံးစေခြင်းဖြင့် နာလန်ထမြန်စေနိုင်သည်ဟုဆိုသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါသည် တတိယကမ္ဘာရှိ ကလေးပေါင်းများစွာ၏ အသက်ကို အန္တရာယ်ပြုနေသော ရောဂါဆိုးဖြစ်သည်။

ယင်းဆန်မျိုးကို စီးပွားဖြစ်ထုတ်လုပ်ခွင့်ပြုရန် အမေရိကန်စိုက်ပျိုးရေးဌာနက စီစဉ်နေပြီဆိုသော သတင်းများထွက်လာသည်။

ထိုသတင်းကြောင့် မျိုးဗီဇပြုပြင်ထားသောသီးနှံများသည် လူသားများ၏ကျန်းမာရေးကိုထိခိုက်စေနိုင်သည်ဟု ယူဆသောအုပ်စုများမှာ ရတက်မအေးဘဲဖြစ်နေကြသည်။ **စာမျက်နှာ ၉ ကော်လံ ၄ သို့**